

SAMPLE BOOK
mgyoe.com




9 505779 234225

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၂၅ ခုနှစ်၊နိုဝင်ဘာလ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပန်းချီ - မှတ်သုံ

စာအုပ်ချုပ် - ဖူးပွင့်မွေး

မျက်နှာဖုံးနှင့် - အောင်ဇော်ပုံရိပ်ရှင်ပုံနှိပ်တိုက်

အတွင်းပုံနှိပ်

ထုတ်ဝေသူ - ကျော်မွေးစာပေ

ဦးစိုင်းဝင်းမြင့်

အမှတ် ၉၅၊ ၆-လွှာ၊အောင်ဇေယျလမ်း

အလုံမြို့နယ်၊ ရန်ကုန် ။

တန်ဖိုး - ၁၂၀၀၀ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ မဝင်းမေ ပေ့ါထရိတ် ၅
၂။ ဦးလေး၏ အိပ်မက် ၉
၃။ ကြယ်တွေငိုလျှင် ၁၂
၄။ သို့/လူကလေး မောင်နေမျိုး ၁၄
၅။ စက်စဲကိုရောက်တော့ မင်းအိပ်ပျော်နေတုန်း ၁၆
၆။ ကဖေးဆိုင်ထဲက နေ့လယ်ခင်း ၁၈
၇။ မုန်လာချဉ် ပုလင်းကလေး ၂၃
၈။ ကျွန်တော့်အမေဟာ ၂၈
သူ မကွယ်လွန်မီ နံနက်ပိုင်းက
ကျွန်တော့်ကို ခဲတံ ချွန်ပေးခဲ့တယ်
၉။ ဓာတ်ပုံထဲမှာ ပြုံးရယ်နေသူ ၃၁
၁၀။ အဲဒါ မင်းအကြောင်းတွေ ၃၄
၁၁။ လွမ်းတဲ့နှစ်များ ၃၇
၁၂။ ညဥ့်ယံမှတ်စုများ ၄၀
၁၃။ နွေဦးပေါက်အလွမ်း ၄၇
၁၄။ နွေရက်များကို ဖတ်ရှုခြင်း ၅၀
၁၅။ လူတစ်ယောက်ရဲ့ ပုံတူ ၅၈
၁၆။ အိမ် ၆၆
၁၇။ တည်ရှိခြင်း ၇၄
၁၈။ မောင့်သူငယ်ချင်းတွေ ၇၆
၁၉။ သူတို့ အောင်နိုင်ကြပေသည် ၇၉
၂၀။ သစ်ကုလားအုတ် ၈၇
၂၁။ ၁၉၉၀ ခုနှစ်က အရေးအသား(၅) ၉၂


mgyoe.com

mgyoe.com SAMPLE BOOK


၂၂။ ပီကာဆိုနှင့် ကျွန်တော့်ပုံတူ ၉၈

၂၃။ ကြက်ဥ ဘဲဥ ပုံဝတ္ထု (၁) ၁၀၄

၂၄။ ကြက်ဥ ဘဲဥ ပုံဝတ္ထု (၃) ၁၁၀

၂၅။ မင်းကိုအကြောင်းပြုပြီး အားလုံးကို သံယောဇဉ်ဖြစ်ရတယ် ၁၁၇

၂၆။ ဆံပင်ဖြူခရေဇီ ၁၂၃

၂၇။ အလောင်းနှင့် ခရီးသွားခြင်း ၁၃၀

၂၈။ သကြၤန်နေ့ရက်များ ၁၃၉

၂၉။ အီကြာကွေးသို့ အမှတ်ရခြင်း ၁၄၈

၃၀။ သီတင်းကျွတ်ပြီ ၁၅၄

၃၁။ တံဆိပ်တုံးနဲ့ အိမ်ကလေး ၁၆၀

၃၂။ ငါ သေသောအခါ မငိုပါနဲ့ ၁၆၈

၃၃။ အမေ့မင်္ဂလာဆောင်မှာ ကိတ်မုန့်စားတဲ့ကောင်လေး ၁၇၆

၃၄။ နွေနှောင်းညဥ့်၌ အိပ်စက်ခြင်း ၁၈၁

၃၅။ ကျွန်ုပ်၏ညစာ ၁၈၈

၃၆။ ဆောင်းညများ၌ စာရေးခြင်း ၁၉၄

၃၇။ နွေဦးပေါက်ရင် ကဗျာနှစ်ပုဒ် ၂၀၂

၃၈။ ကျွန်တော်တို့ခေတ်ရဲ့ အမှတ်ရချက်များ ၂၁၀

၃၉။ ရေနှင့်အနုပညာ ၂၁၇

၄၀။ လွမ်းတေးကိုသီ ၂၂၅

၄၁။ မနက်စာ အကၡရာ ၂၃၂

၄၂။ နှစ်ကာလများ(၂) ၂၃၉

၄၃။ ငါ့ကိုလွမ်းဆွေးရစ်အောင် ထားခဲ့လေသလား ၂၄၆

၄၄။ အမှတ်ရနေမိသော ပန်းချီကားကလေး ၂၅၃


mgyoe.com

mgyoe.com SAMPLE BOOK

## မဝင်းမေ ပေါ့ထရိတ်

ပြောပြပါမောင်။ မောင့်မယားကို ဘယ်လောက်ထိချစ်သလဲ ဆိုတာ။

ပြောပြစမ်းပါ။ မောင်နဲ့သူ ဘယ်မှာတွေ့ခဲ့ကြတယ်ဆိုတာ။ မောင်ပြောပြပါ။ ကျွန်မ မျက်ရည်ကျမိလို့ပါ။ မောင့်မယားက မောင့်ကို ဘယ်လောက်ထိ ချစ်ခဲ့တယ် ဆိုတာ ကျွန်မ မှန်းဆနိုင်အောင်လို့ပါ။

မောင်ဟာလေ မောင့်မယားအကြောင်း ပြောရရင် ထမင်းမေ့ ဟင်းမေ့ပါပဲ။ ကျွန်မ မောင့်ကို သံသယရှိတယ်။ တကယ်တော့ မောင့်မယားဟာ ကျွန်မတို့ မမှန်းဆနိုင်တဲ့ ချစ်မေတ္တာနဲ့ မောင့်ကို ချစ်ခဲ့တာ။ မောင်ကတော့ သူလို မဟုတ်၊ ခုပဲ ကျွန်မကို တွေ့နေပြီ မဟုတ်လား။ မောင့်မယားရဲ့ အလေ့အထတွေ ကျွန်မ သိပါရစေ။ မောင်ပြောပြမယ် မဟုတ်လားကွယ်။ သူဟာ ဘယ်အချိန်မှာ နိုးထလို့ ဘယ်အချိန်မှာ အိပ်ရာဝင်တယ်ဆိုတာ။ ကျွန်မ ယုံတယ်မောင်။

mgyoe.com

mgyoe.com SAMPLE BOOK

မောင့်မယားဟာ ဘုရားနဲ့ တရားနဲ့ ဘာသာရေးကို ကိုင်းရှိုင်းသူဆိုတာ၊ ကျွန်မ ဒီလိုလည်း ထင်မိတယ် မောင်ရယ်။ မောင့်မယားက အခုမောင့်ကို ကျွန်မချစ်တဲ့အချစ်ထက် ပိုလွန်တဲ့မေတ္တာ ရှိခဲ့မယ်ဆိုတာကိုလေ။ မောင်ကတော့ ရယ်စရာ ပြောတာပဲ။ ဒါပေမဲ့ မောင့်မယားဟာ ဘယ်လောက် ပျော်ရွှင်နေခဲ့မလဲဆိုတာ။ မောင်က သူ့ကို သွားကျဲသမီးလို့ခေါ်တယ်။ သူကြီးသမီးလိုလို ဘာလိုလိုနဲ့ ခေါ်တာလေ။ မောင့်မယားရဲ့ သွားတစ်ချောင်းကနေ သွားတစ်ချောင်းကို ကျိုးကန်းဟာ တစ်ညအိပ် ပျံသန်းရသတဲ့။ ဒီလိုဆိုတော့ မောင့်မယားမဝင်းမေရဲ့ ဦးခေါင်းနဲ့ ကိုယ်ခန္ဓာဟာ ဘယ်လောက်ကြီးမားမလဲဆိုတာ မောင်စဉ်းစားမိရဲ့လား။ မောင့်ရယ်စရာကို သူဟာ အတည်ယူလို့ ဘယ်လိုစဉ်းစားခဲ့မလဲဆိုတာ ကျွန်မ သိချင်တယ်။ ခုတော့ ကျွန်မ သိပြီ မောင်ရယ်။ သူဟာ မောင်နဲ့အတူ ရှိနေရင်ကိုပဲ တကယ် ပျော်ရွှင်သူပါ။ ပြောပြပါ မောင်။ ကျွန်မ မသိအောင် နောက်ထပ် မောင် ဖုံးဖိထားတာတွေ ဘာများ ရှိမလဲ။ ခက်ပါတယ် မောင်ရယ်။ မောင်က မောင့်မယားကို ချစ်နေဆဲပဲဆိုတာ သိရက်နဲ့ မောင့်ဘဝထဲကို ကျွန်မဝင်ရောက်ခဲ့တာ။ မောင်ရေ ကျိုးကန်းတစ်ကောင်တော့ ပျံနေပြီ တအားအား။ ဒါတွေ မောင်နားလည်ရဲ့လား။ သူ ပိုက်ဆံထည့်သိမ်းတဲ့ ဗီရိုသော့ကို မောင် လက်ထဲ ထည့်ခဲ့တာတဲ့။ မောင်ဟာ အဲဒီ ဗီရိုအံဆွဲထဲက ပိုက်ဆံတွေကို ယူ ယူသုံးနေခဲ့တာ။ သူ လားရှိုး၊ သီပေါ၊ မူဆယ်၊ နမ့်ခမ်း ခရီးတွေ ဖြတ်သန်းပြီး ပင့်ပင်ပန်းပန်း ရှာခဲ့တဲ့ ပိုက်ဆံတွေ ဒါတွေကို မောင်က ယူသုံးခဲ့တာ။ မောင့်အတွက်လွယ်ကူလွန်းတယ်ကွယ်။ မောင်ဟာ လေးနက်မလိုလိုနဲ့ အပျော်တမ်း

mgyoe.com

mgyoe.com SAMPLE BOOK

သမား။ မောင်တို့ ဖဲကစားတဲ့အကြောင်းတွေ ခုတော့ အကုန်လုံး သိကုန်ကြပြီ မောင်။ ကျွန်မ မောင့်ကို အပြစ်မြင်မိတယ်။ မောင်ဟာ ဖဲထုပ်ထဲက ဂျိုကာကို ရအောင် ဆွဲယူတတ်သူ၊ မောင်ဟာ ဖဲကို ရှုံးအောင် ကစားနိုင်ပြီး မဝင်းမေကို ရအောင်ယူခဲ့တယ်ဆိုတာလေ။ မောင်ဟာ သူ့အပေါ် တကယ်ပဲ ချစ်ခဲ့တာ ဖြစ်မှာပါ။ ပြောပြမောင်၊ မောင့်မယားရဲ့ အလေ့အထတွေကို။ သူဟာ ဘယ်အချိန်မှာ ပျော်ရွှင်တတ်ပြီး ဘယ်အချိန်မှာ စိတ်ညစ်တတ်တယ်ဆိုတာကိုလေ။ ကျွန်မ ချစ်မေတ္တာဟာ မောင့်မယားကို မီနိုင်မယ် မထင်ပါဘူးကွာ။ မောင်ရေ ကျိုးကန်းကြီးဟာ တအားအားနဲ့ ပျံသန်းနေတုန်းပါပဲ။ အိပ်စက်နေတဲ့ မောင့်မယားဘေးက မောင်ထပြီးသွားရင် မင်းခုနတုန်းက ဘယ်ကိုသွားလိုက်တာလဲလို့ သူက မေးမြဲမဟုတ်လား။ သူဟာ မောင့်ကို သူ့ကိုယ်ခန္ဓာ၊ သူ့ဘဝရဲ့ အစိတ်အပိုင်းအဖြစ် ပြုလုပ်နိုင်ခဲ့တယ်မောင်။ သူ့ဘေးမှာ မောင်မရှိရင် သူက ဘာဖြစ်လို့ အိပ်ပျော်နေရာက ဖျတ်ခနဲနိုးပြီး ချက်ချင်းသိတာလဲဆိုတာ မောင် မစဉ်းစားမိဘူးလား။ မောင်က ကျွန်မကို လျှို့ဝှက်အပ်တာတွေ ဖွင့်ပြောတော့ ကျွန်မ သိခွင့်ရတာပေါ့ မောင်ရယ်။ ဒါပေမဲ့ မောင်ရယ် မောင်ဟာ ဘာမှ သိနားလည်မှုမရှိတဲ့ ကလေးပါပဲကွယ်။ မောင့်မယားရဲ့ ညဝတ်ဘောင်းဘီမှာ ခွဆုံနေရာကို ဘရိတ်ဓားနဲ့ ခွဲထားလို့တဲ့ မောင်က ဒေါ်ပွသတဲ့လား။ သေချင်လောက်အောင် ရယ်ရတယ် မောင်။ မောင်က ဒါကို မရမက မေးခဲ့တာ။ သူဖြေခဲ့တာက ဆီးသွားရင် လွယ်အောင်လို့တဲ့။ ကျက်သရေ သိပ်တုံးတယ်မောင်။ မောင်ဟာ နားလည်မှုမရှိတဲ့ လူရမ်းကား။ မောင်ဟာ သံသယကြီးသူ၊ မောင်ဟာ အရိုင်း။

mgyoe.com

mgyoe.com SAMPLE BOOK

မောင့်ဘဝဟာ ဒီလိုနဲ့ စ လယ် ဆုံး ၊ ကျွန်မ မောင့်ကို မုန်းတယ်။ ကျိုးကန်းကြီးဟာ ပျံသန်းသွားတာ တအားအားနဲ့တဲ့။ ပြောပြပါ မောင်ရာ ။ မောင့်မယားကို မောင် ဘယ်လောက်ထိ ချစ်ခဲ့သလဲဆိုတာ။ ဒါကို ကျွန်မ သိရမှ ဖြစ်မယ်။ မောင်ပြောပြလိမ့်မယ် မဟုတ်လား။ မောင့်မယားဟာ တောင်ပေါ်သူဆိုတော့ အသားကတော့ ဖြူမှာပေါ့။ မောင့်မယားဟာ အရပ်က ခပ်ပျပ်ပျပ် မပုလွန်း မရှည်လွန်း၊ မပိန်လွန်း မဝလွန်း။ မောင့်ရဲ့ ချစ်ခွန်းဖွဲ့စကားတွေ ကျွန်မကို မပြောလာပါနဲ့ မောင်။ မောင့်မယားကို မောင် ဘယ်လောက် ချစ်တယ်ဆိုတာကိုသာ ကျွန်မ သိပါရစေ။ ကျွန်မ သူ့ကို ချစ်တယ်။ ကျွန်မ သူ့ကို ရိုသေလို့ပါ။ မောင်ရေ ကျိုးကန်းကြီးက တအားအား ပျံသန်းနေတုန်းပဲလား။ ။

၄. ၉. ၂၀၁၈

mgyoe.com

mgyoe.com SAMPLE BOOK

## ဦးလေး၏အိပ်မက်

"ကဲ. . . ငါပြောမယ် လိုက်ရိုက်။ စကားပြောခန်းဆိုရင် အဖွင့်အပိတ် ကော်မာထည့်ရမယ်နော်"။ ဆောင်းရာသီ၏ နံနက်ခင်း တစ်ခု ဖြစ်သည်။ နှင်းမြူများ တဖွဲဖွဲ ကျဆင်းနေသည်။ ကျွန်တော် ကုတ်အင်္ကျီအဟောင်းကြီးနှင့် နှင်းမှုန်မှုန်တွေထဲမှာ လမ်းသလားခဲ့ ဖူးသည်။ "ဟော . . ., စာလိုက်ရိုက်လေ။ ဘာလုပ်နေတာလဲ။ ဝင်းဒိုး မတက်သေးဘူးလား။ ဒါက ငါ့အလုပ်နော်။ ကဲ . . . ငါ ထပ်ပြောမယ် လိုက်ရိုက်။" ဆောင်းရာသီ၏ နံနက်ခင်းတစ်ခု ဖြစ် သည်။ နှင်းမြူများ တဖွဲဖွဲ ကျဆင်းနေသည်။ ကျွန်တော် ကုတ်အင်္ကျီ အဟောင်းကြီးနှင့် နှင်းမှုန်မှုန်တွေထဲမှာ လမ်းသလားခဲ့ဖူးသည်။ "ဟော့ . . . ဘာလုပ်နေတာလဲ။ စာလိုက်ရိုက်လေ။ ငါတို့စာပေက မြေမှုန်လွင်က ရေးခိုင်းနေတာ သုံးကြိမ်လောက် ရှိပြီကွ။ လိမ္မာတယ် စာလိုက်ရိုက်ပေးနော်။ ကဲ. . . ငါပြန်ပြောမယ် လိုက်ရိုက်"။ ဆောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ရာသီ၏ နံနက်ခင်းတစ်ခု ဖြစ်သည်။ နှင်းမြူများ တဖွဲဖွဲ ကျဆင်းနေသည်။ ကျွန်တော့် ကုတ်အင်္ကျီဟောင်းကြီးနှင့် နှင်းမှုန်မှုန်တွေထဲမှာ လမ်းသလားခဲ့ဖူးသည်။ "ဟော့ . . . ပြုံးစိစိနဲ့ ဘာလုပ်နေတာလဲ၊ ငါ့ကို ကိုရဲ(သစ္စာနီ)က လုံးချင်းရေးတော့လို့ ပြောလိုက်တယ်ကွ။ စာလိုက်မရိုက်ရင် ထမင်းမကျွေးဘူးနော်"။ အံမာ . . . မကျွေးလည်း စားမှာပဲ"။ "အစ်မရေ ဒီမှာ စာရိုက်ခိုင်းတာ မရိုက်ဘဲနဲ့ ပြုံးစိစိ လုပ်နေတယ်"။ "ခဏကလေး ခဏကလေး ဒီမှာ မုန်ညင်းစောက ကျက်တော့မယ်။ ထမင်းဆာနေကြပြီလား"။ "အစ်မရေ . . မင်းတူမက ခိုင်းလို့မရဘူး"။ "မင်း ဝတ္ထုရေးတာ ပိုက်ဆံ ဘယ်လောက် ရမှာတုံး"၊ "ရမှာပေါ့ အစ်မရဲ့။ ငါ စာမူခကောင်းကောင်း ပေးဖို့ပြောပါ့မယ်။ ငါ့ဝတ္ထုထဲမှာ မဝင်းမေပါပါရင် ကြိုက်တဲ့သူတွေ ရှိတယ်ကွ"။ "ဦးလေး . . ကျွန်တော် မအားသေးဘူး အဒေါ့်ကို ကူလုပ်ပေးလိုက်ဦးမယ်"။ "ဟောဗျာ . . ကွန်ပျူတာကြီးက ဖွင့်လျက်သားနဲ့"။ ဆောင်းရာသီ၏ နံနက်ခင်းတစ်ခု ဖြစ်သည်။ နှင်းမြူများ တဖွဲဖွဲ ကျဆင်းနေသည်။ ကျွန်တော် ကုတ်အင်္ကျီအပေါင်းကြီးနှင့် နှင်းမှုန်မှုန်တွေထဲမှာ လမ်းသလားခဲ့ဖူးသည်။ ကျွန်တော့်ကုတ်အင်္ကျီကြီးမှာ လမ်းဘေး အပေါင်းဆိုင်မှ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ ကုတ်အင်္ကျီကြီးမှာ ဟောင်းမြင်းသော် လည်း နွေးနေစေသည်။ နှင်းမှုန်မှုန်ထဲမှာ လမ်းအတိုင်း ကျွန်တော် လျှောက်သွားသည်။ မြို့သည် ဆောင်းရက်တွေထဲမှာ အေးစက်ငြိမ် သက်နေသည်။ ကျွန်တော်တို့ နေခဲ့ဖူးသော အိမ်ကလေးကို အမှတ်ရလာသည်။ အိမ်ကလေးထဲတွင် မီးဖိုအနီး အလုပ်ရှုပ်နေတတ်သော မဝင်းမေကိုလည်း သတိရမိသည်။ နှစ်ကာ

mgyoe.com

mgyoe.com SAMPLE BOOK

လများသည် သူ့ကိုမေ့ သွားအောင် မပြုလုပ်နိုင်ခဲ့ပေ။ “ကဲ ... ငါ ပြောမယ်၊ လိုက်ရိုက်။ စကားပြောခန်းဆိုရင် အဖွင့်အပိတ်ကော်မာ ထည့်ရမယ်နော်။ “အပြင်ဘက်မှာ သိပ်အေးတာပဲ”။ ဆောင်းရာသီ၏ နံနက်ခင်းတစ်ခု ဖြစ်သည်။ နှင်းမြူများ တဖွဲ့ဖွဲ့ကျဆင်းနေသည်။ ကျွန်တော်ကုတ်အင်္ကျီ အဟောင်းကြီးနှင့် နှင်းမှုန်မှုန်ထဲမှာ လမ်းသလားခဲ့ဖူးသည်။

၂၆. ၆. ၂၀၁၈

mgyoe.com

mgyoe.com SAMPLE BOOK

# ကြယ်တွေငိုလျှင်

ကြယ်တွေငိုလျှင် ကျွန်တော် အိမ်ကို မပြန်ချင်တော့ပါ။ ကြယ်တွေငိုလျှင် ကျွန်တော် ဝမ်းနည်းသည်။ လမ်းများပေါ်မှာ ကျွန်တော် လျှောက်သွားမည်။ ခြေလှမ်းတွေရဲ့ စေရာကို လိုက်ပါသွားတော့မည်။ ကောင်းကင်ဆီ မော့ကြည့်လိုက်လျှင်၊ တာရုတ်ဝတ္ထုတစ်ပုဒ်ထဲက ကြယ်တွေမှာ ဝမ်းနည်းဟန်ဖြင့် မှိုင်းရီနေကြသည် ဆိုသော စာသားကို အမှတ်ရလာတော့သည်။ ကြယ်တွေငိုလျှင် ကျွန်တော် ဝမ်းနည်းသည်။ ကျွန်တော့်ဇနီးသည် ကြယ်တစ်ခု ဖြစ်သွားလျှင် မည်းမှောင်သော အာကာသဆီမှ ကျွန်တော့်ကို ငုံ့ကြည့်ကာ မျက်ရည်လည်နေပေလိမ့်မည်။ အကယ်၍ ဤစိတ်ကူး၏ ရှုးနှမ်းမှုသာ မှန်ကန်ခဲ့ပါက ကျွန်တော်သည် ကလေးသုံးယောက်ကို ခေါ်ငင်ကာ အာကာသထဲသို့ လက်ညှိုးညွှန်၍ ဟိုမှာ မြင်နေရတဲ့ ကြယ်ဟာ သားတို့မေမေပေါ့ဟု ပြောမိပေလိမ့်မည်။ ခုတော့ ကလေးတွေက သူတို့ အဘိုးအဘွားနှင့် အိပ်မောကျနေရော့မည်။ ကြယ်တွေငိုလျှင် ကျွန်တော် အိမ်ကို မပြန်ချင်တော့ပါ။ ပြန်လာနိုင်မည့် ခရီးတစ်ခုဖြစ်လျှင် ကျွန်

mgyoe.com

mgyoe.com SAMPLE BOOK

တော့်ဇနီးသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကျွန်တော်တို့ထံ ပြန်လာပေလိမ့်မည်။ ဤသို့ပင် ကျွန်တော့်ကို ယုံကြည်စေသည်။ ညသည် မှိုင်းမှိုင်း ရီရီ ဝေဝေ။ လေတဟူးဟူးက ကျွန်တော့်ကိုယ်ခန္ဓာထဲ နစ်ဝင်ကာ ထွင်းဖောက် တိုက်ခတ်သွားတော့သည်။ လမ်းမများဟူသမျှ ဆုံးအောင် လျှောက်စမ်းချင်သည်။ နေ့များ၊ ညများ၊ သန်းခေါင်ယံများ၊ မွန်းတည့်များ ရောက်လာပေဦးမည်။ မြို့ဟောင်းဈေးဘက်သို့ ကျွန်တော့်ကို သယ်ဆောင်ပါ။ ထပ်၍ လိုက်စမ်းပါရစေ။ နှစ်များစွာ .....။

mgyoe.com

mgyoe.com SAMPLE BOOK

သို့/
## လူကလေး မောင်နေမျိုး

အဖေ စာရေးလိုက်သည်။ မင်း နေကောင်းရဲ့လား။ နေကောင်းအောင် နေပါ။ မင်း သောက်ရမယ့်ဆေးကို မှန်မှန်သောက်ပါ။ ည စောစောအိပ်ရာဝင်ပြီး မနက်စောစောထပါ။ မနက် စောစောထတဲ့ အလေ့အကျင့်ဟာ သိပ်ကောင်းပါတယ်။ အိမ်အပေါ်ထပ် ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်ရင် မနက်စောစော နေလုံးကြီး မန္တလေးတောင် အရှေ့ဘက်ထဲက တရိပ်ရိပ်တက်လာတာကို တွေ့နိုင်တယ်။ နေရောင်ခြည်ဟာ မနက်စောစောမှာ နွေးနေပြီး ဩကာသလောကကြီးတစ်ခုလုံးကို လွှမ်းခြုံသွားပုံဟာ ကျေနပ်စရာ သိပ်ကောင်းပါတယ်။ အိမ်ရှေ့ဗာဒံပင်ပေါ်မှာ မနက်စောစော ငှက်ကလေးတွေ ရောက်လာလိမ့်မယ်။ သူတို့ ကျည်ကျည်ကျာကျာမြည်သံတွေဟာ မင်စိတ်ဝင်စားရင် အနုပညာလက်ရာတစ်ခုအဖြစ် ဖန်တီးနိုင်မယ်လေ။ မင်း အမေလည်း ဒီမှာ ရောက်နေတယ်။ အခု သူအိပ်နေတယ်။ သူက အဲဒီမှာ အကြာကြီး အိပ်ရေးပျက်ခဲ့သူဆိုတော့ ဒီမှာ အကြာကြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်နေတယ်။ မဝင်းမေကတော့ ဒီမှာ မရှိဘူး။ သူ အရောင်းအဝယ် ပြန်လုပ်နေတယ်။ သူ ခရီးထွက်သွားတယ်။ မင်းကိုတော့ သူစိတ်ချလက်ချ ရှိတယ်။ အခု သူ မင်းတို့အတွက် အရောင်းအဝယ် ပြန်လုပ်နေတယ်။ မင်းနှမ မာမာဦးက

mgyoe.com

mgyoe.com SAMPLE BOOK

ဒီမှာ စာကျက်နေတယ်။ သူ စာပြန်လုပ်နေတယ်။ သူ အဲဒီမှာ မဖြေခဲ့ရတဲ့ စာမေးပွဲတွေအတွက် ဒီမှာ ပြန်ပြီးပြင် ဆင်နေတယ်။ စာကျက်နေတယ်။ ဒေါ်လေးကတော့ မင်းဝယ်ပေးတဲ့နံပြားကို တမြုံ့မြုံ့ဝါးနေတယ်။ မင်းဝယ်ပေးတဲ့ နံပြားကို သူဝါးနေတာ ကြာလှပြီ။ ခုထိ မကုန်သေးဘူး။ သူက ဒီနံပြားကို သိပ်ကြိုက်တာ။ မင်းတို့ညီအစ်ကိုတွေ သင့်သင့်မြတ်မြတ်ရှိလို့ အဖေ ကျေနပ်ပါတယ်။ အဖေလည်း ဒီမှာ သီချင်းတစ်ပုဒ်လောက် ရေးမယ်လို့ စိတ်ကူးထားတယ်။ အဖေရေးချင်တဲ့ သီချင်းအတွက် စာသားတွေ ရှာကြည့်နေတယ်။ တေးသွားကိုတော့ မရွတ်ဆိုကြည့်ဘူး။ မင်း အမေ နိုးသွားမှာ စိုးလို့။ သူဟာ အကြာကြီး အိပ်စက်နေရရှာမှာ။ သူ ပင်ပန်းခဲ့သမျှ အတိုးချပြီး အိပ်စက်နေရှာတာ။ သူက မင်းကို စိတ်မချဘူး။ မဝင်းမေက ပြောသွားတယ်။ မင်းအတွက် စိတ်မပူဖို့ပေါ့။ အဲဒီတော့မှ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်သွားတာ။ မင်းနှမ မာမာဦးလည်း စာတွေ တော်တော်ရနေပါပြီ။ သူ စာမေးပွဲဖြေဖို့ အဲဒီကို တစ်ခေါက် ပြန်သွားမယ်လို့ အဖေ့ကို ပြောတယ်။ အဖေက သူ့ကို မတားပါဘူး။ အဖေနဲ့ မင်းအမေကတော့ လောလောဆယ် ဒီမှာနေနေကြတယ်။ အဖေတို့ အဆင်ပြေပါတယ်။ မဝင်းမေ အရောင်းအဝယ်သွားရာက ပြန်လာရင် မင်းဆီကို အဖေ့ စာထပ်ရေးပါမယ်။ မင်းက ညီအစ်ကိုတွေ အားလုံးနဲ့ သင့်သင့်မြတ်မြတ်နေနိုင်လို့ အဖေ ကျေးဇူးတင်တယ်။

ဒါပါပဲသား

ရွှေစား စိန်တင်ဟန်

၁. ၆. ၂၀၁၈

mgyoe.com

mgyoe.com SAMPLE BOOK

# စက်စဲကို ရောက်တော့ မင်းအိပ်ပျော်နေတုန်း

စက်စဲကိုရောက်တော့ မင်းအိပ်ပျော်နေတုန်း။ ငါက မင်းဘေးမှာ။ မင်းက ငါ့ပခုံးပေါ် ခေါင်းငဲ့လို့ အိပ်ပျော်နေတာ။ မင်းဦးခေါင်းက တစောင်း အနေအထားနဲ့ ငါ့ဦးခေါင်းကိုထိပြီး အိပ်ပျော်နေတာ။ ငါ မင်းနဲ့ဒီလိုခရီးဝေးဝေး တစ်ခါမှ မသွားဖူးဘူး။ ဒရိုင်ဘာက ကားကို မှန်မှန်မောင်းလာတယ်။ မင်းဦးခေါင်းက ငါ့ဦးခေါင်းကို ထိထားတော့ မင်းခေါင်းထဲမှာ ဘာတွေရှိနေတယ်ဆိုတာ ငါ သိရတာပေါ့။ ငါ့ဦးခေါင်းထဲမှာ ဘာတွေရှိနေတယ်ဆိုတာလည်း မင်းသိမှာပေါ့။ စက်စဲကိုရောက်တော့ မင်းအိပ်ပျော်နေတုန်း။ လူတစ်ယောက်အိပ်ပျော်နေချိန်ဟာ အပြစ် အကင်းစင်ဆုံး အချိန်တဲ့။ မင်းကို ချစ်မြတ်နိုးမိခြင်းအားဖြင့် ငါဟာ ကမ္ဘာ့အဆုံးကို သွားနေတဲ့ လမ်းမကြီးပေါ် ရောက်ခဲ့တာပေါ့။ ဒီကမ္ဘာမှာ ငါဟာ မင်းရဲ့ ချစ်မေတ္တာကို ရခဲ့သူပါ။ ဒရိုင်ဘာဟာ ကားကို အရှိန်မှန်မှန်နဲ့ မောင်းတယ်။ သူဟာ ဘယ်မှာမှ မရပ်ဘဲ တစ်သမတ်တည်း မောင်းနေသလိုပဲ။ ထရပ်ကားကြီးတစ်စီးက အရှိန်နဲ့ ကျော်တက်သွားတယ်။ ဝေါ. . . ခနဲ။ ငှက်ကလေးတစ်ကောင် ဖြတ်ပျံသွားတယ်။ ဒရိုင်ဘာက အရှိန်မှန်မှန်နဲ့ မောင်းနှင်နေလျက်ပဲ။ ငါပြောပြမယ်၊ စက်စဲရောက်တဲ့အထိ မင်းက အိပ်ပျော်နေလျက်ပဲကွယ်။ လူတစ်ယောက်ဟာ လူတစ်ယောက်အတွက် ဖြစ်ပေါ်လာရတာဆိုတာ မင်း ဘယ်အချိန်က သိထားတာလဲ။ ပြောပြစမ်းပါ။ လူတစ်ယောက်ဟာ လူတစ်

mgyoe.com

mgyoe.com SAMPLE BOOK

ယောက်အတွက် ဖြစ်ပေါ်လာရတာ ဆိုတာကို။ ငါတို့စီးလာတဲ့ကားဟာ စက်စဲမှာ ညအိပ်တယ်။

ဒရိုင်ဘာက ပြောတယ်၊ ကျွန်တော်တို့ဟာ ဘိတ်(မြိတ်)ကို နောက်ဆုံးမှ ဝင်လိမ့်မယ်တဲ့။ ပြာလွင်တဲ့ မိုးကောင်းကင်ကြီးအောက်ဘက်မှာ ကားတစ်စီးဟာ အရှိန်မှန်မှန်နဲ့ ပြေးနေတာ။ သစ်ပင်တွေအဆောက်အဦတွေ၊ ဓာတ်တိုင်တွေနဲ့ ကမ္ဘာ့ခေါင်မိုးထက်ကနေ နေလုံးကြီးက တရိပ်ရိပ်ဖြတ်သန်းသွားပေါ့။ အနက်ရောင်ကားတစ်စီးကတော့ အရှိန်မှန်မှန်နဲ့ ပြေးနေဆဲပဲကွဲ့။ မင်းက အိပ်ရေးဝသွားပြီ။ ငါလည်း မှေးစက်အိပ်နိုင်ခဲ့ပြီ။ ဒရိုင်ဘာက တာဝန်ကျေပွန်စွာ ကားကို မောင်းနှင်နေဆဲပေါ့။ မင်းဦးခေါင်းက ဆံပင်ဖြူဖြူတွေဟာ လေထဲမှာ တလှုပ်လှုပ်နဲ့။ ငါက သူခိုးဦးထုပ်ပြားကလေးကို ဆောင်းလို့ မင်းဘေးမှာ။ ငါတို့ ပါလာတဲ့ ဘီစကစ်နဲ့ အချိုရည်ဘူးတွေဟာ မှိုတက်လို့။ အရောင်တွေပြောင်းလို့။ ငါတို့ အဝတ်တွေဟာ ဆွေးမြည့်လို့။ ဒါပေမဲ့ ဒရိုင်ဘာဟာ ကားကို မောင်းနှင်ဆဲပဲကွဲ့။ ဘီစကစ်ထုပ်ထဲက ပိုးကောင်လေးတစ်ကောင်ဟာ တရွရွနဲ့ ငါ့အကျီပေါ်ကို တက်လာ။ "ဟော. . . ဟော" ဆိုပြီး မင်းကပြတော့ ငါတို့ရယ်ကြတာ။ ငါတို့မှာ သွားတွေ မရှိတော့ပေမဲ့ တွန့်နေတဲ့ မျက်နှာတွေနဲ့ ရယ်နိုင်ကြတယ်။ ဒရိုင်ဘာကတော့ ကားကိုမှန်မှန်ပဲ မောင်းနှင်လို့။ အနက်ရောင် ကြယ်တွေက တဖြည်းဖြည်းရွေ့လို့။ ကားနောက်က အချက်ပြမီးနီကလေးကို ဖွင့်လို့။ ငါတို့ကားဟာ ဘိတ် (မြိတ်) ကို နောက်ဆုံးမှ ဝင်တယ်။

၂၄. ၆. ၂၀၁၈

mgyoe.com

mgyoe.com SAMPLE BOOK

## ကဖေးဆိုင်ထဲက နွေလယ်ခင်း

" ရှင် ကိုနေမျိုး မဟုတ်လား "

လူသူရှင်း တိတ်ဆိတ်သော ကဖေးဆုင်တစ်ဆိုင်၏ အတွင်းပိုင်းတစ်နေရာတွင် ကျွန်တော် ထိုင်နေချိန်မှာ ဖြစ်သည်။ လူလတ်ပိုင်း အမျိုးသမီးကြီးတစ်ဦးသည် ကဖေးဆိုင်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ကျွန်တော့်စားပွဲဆီသို့လာကာ အထက်ပါအတိုင်း မေးမြန်းလိုက်သည်။ သူ့အသံမှာ တရင်းတနှီး ရှိလှသည်။ သူ့ပုံစံက ဖျော့နွမ်းနေသလို ထင်ရသည်။ ဧပြီလ၏ ခြောက်သွေ့ပူပြင်းသော နေ့လယ်ခင်းချိန်တွင် သူသည် ခရီးတစ်ခုကို ဖြတ်သန်း၍ ဤနေရာသို့ ရောက်ရှိခဲ့ပုံရသည်။ ကဖေးဆိုင် အပြင်ဘက်တွင် ဗာဒံပင်က စိမ်းသောသစ်ရွက်များဖြင့် လေငြိမ်နေသဖြင့် သစ်ရွက်တို့ တိတ်ဆိတ်နေလေသည်။ ဗာဒံပင်အရိပ်ထဲတွင် ကလေးငယ်တစ်ယောက် တုတ်တစ်ချောင်းဖြင့် မြေပြင်ကို ရေးခြစ်ကာ ဆော့နေသည်။ ခွေးကလေးတစ်ကောင်က သူ့ဘေးမှာ ကျကျနနဝပ်လို့ ။

"ရှင် ကိုနေမျိုး မဟုတ်လား"

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသမီးသည် ကျွန်တော့်ကို ထပ်မံကြည့်ရှုကာ မေးမြန်းလိုက်ပြန်သည်။ သူ့အသံထဲတွင် သေချာလိုမှု၊ အားတုံ့အားနာဖြစ်မှုတို့ ရောစွက်နေသလိုပင် ကျွန်တော် ထင်မိသည်။ သူ့ပါးပြင်မှာ သနပ်ခါးကျဲကျဲ လိမ်းထားခဲ့ပုံရ၏။ ယခုတော့ ချွေးတွေစို့ကာ ပျက်ပြယ်စ ပြုနေပြီ။ ကဖေးဆိုင်၏ ငြိမ်သက်တိတ်ဆိတ်မှုထဲတွင် သူမ၏ ကြွေးမှာ ရောနှောသွားသည်။ ကဖေးဆိုင်၏ အခြားသော စားပွဲတစ်နေရာတွင်ရှိ အဘိုးကြီးတစ်ယောက်က ကော်ဖီပူပူကို တစိမ့်စိမ့်သောက်ကာ ကျွန်တော်တို့ စားပွဲကို စောင်းငဲ့ကြည့်နေသည်။ စားပွဲထိုး ချာတိတ်ကလေးက ခါးကြားတွင် ထိုးညှပ်ထားသော လက်သုတ်ပဝါမည်းညစ်ညစ်ကို ဆွဲဖြုတ်ကာ စားပွဲပေါ်လာနားသော ယင်ကောင်များကို ဖြန်းခနဲ ဖြန်းခနဲ လိုက်ရိုက်နေသည်။ ယခုအချိန်ဆိုလျှင် ကဖေးဆိုင်ထဲက ကရားအိုးကြီးတွေကတော့ အငွေ့တလူလူနဲ့ ကျိုက်ကျိုက်ဆူနေကြမြဲ၊ စောစောက အခြားသော စားပွဲတစ်ဖက်မှ အဘိုးကြီးသည် မျက်နှာလွှဲကာ သတင်းစာတစ်စောင်ကို ကောက်ယူဖတ်ရှုနေလေ၏။ ကျွန်တော်က မဖြေသေးမိမှာပင် အမျိုးသမီးကြီးသည် ဦးခေါင်းကို ငုံ့ကိုင်းကာ ကျွန်တော့်ကို စေ့စေ့စပ်စပ် ထပ်မံကြည့်ရှုလိုက်သည်။ ပြီးမှ . . .

"အို . . စိတ်မရှိပါနဲ့နော်။ ကျွန်မ လူမှားသွားလို့ပါ။ နှစ်တွေ နည်းနည်းကြာခဲ့ပြီဆိုပေမဲ့ ကျွန်မ သူ့ကိုမြင်ရင် ကောင်းကောင်းမှတ်မိတယ်။

"ဒါပေမဲ့ ရှင်နဲ့တော့ သိပ်တူတာပဲ။ သူကလည်း ကျွန်မကို တွေ့ရင် ချက်ချင်း မှတ်မိမှာပဲဆိုတာ သိတယ်။

"သူက သိပ်အမှတ်သညာ ကြီးတဲ့သူ။ ဒါပေမဲ့ နည်းနည်း

mgyoe.com

mgyoe.com SAMPLE BOOK

အ,တယ်။ အသားကတော့ ရှင့်လိုပဲ ခပ်ညိုညို။ သူက ပျော်တတ်တယ်။ ဝမ်းနည်းရင်တော့ ကြိတ်ငိုတာရှင့်"

ဗာဒံပင်သည် တဖျပ်ဖျပ်အသံကို ပြုလေပြီ။ သစ်ရွက်တို့ လှုပ်ရှားလာ၏။ လေပြည်သည် လူးလွန့်စပြုပြီ။ ကဖေးဆိုင်အပြင်ဘက်၌ နေရောင်ခြည်က စူးစူးရဲရဲ လင်းထိန်လျက်၊ ကျောက်တုံးကြီးများ အပြည့်တင်ဆောင်ထားသော လော်ရီကားကြီး သုံးစင်းသည် ကတ္တရာလမ်းမအတိုင်း မောင်းနှင်သွားကြ၏။ ကျွန်တော်သည် မြို့အစွန်အဖျားရှိ ဤကဖေးဆိုင်ထဲ၌ နေ့လယ်ခင်းများစွာကို ကုန်လွန်စေခဲ့ဖူးပါပြီ။ မြို့ကလေး၏ ခေါင်မိုးပေါ်မှ မိုးသားတိမ်တိုက်များ ရွေ့လျားသွားကြပုံ၊ ကျီးကန်းများ တအားအားအော်မြည် ပျံဝဲလာကြပုံ၊ နေရောင်ခြည် ဖြာကျထိုးဆင်းသွားပုံ၊ အမှောင်ထုကြီး တစ်ခဲနက်ဝင်ရောက်လာပုံတို့ကို ကောင်းစွာ သိရှိမှတ်မိနေခဲ့ပါသည်။

*ရှေးဟောင်းနှောင်းဖြစ်တွေကိုချည်း ပြန်တွေးနေ၍ မဖြစ်ပါ။ ရှေးက ပျော်ပါးခဲ့သည်တို့ကို ပြန်တွေးနေ၍ မဖြစ်ပါ။ ကွယ်လွန်လေပြီးသော မိတ်ဆွေများအတွက် သောကရောက်နေ၍ မဖြစ်ပါ။ အနာဂတ်အကြောင်းကိုသာ တွေးသင့်ပါသည်။ ထိုသို့ လုပ်ရန်သည် လွယ်တော့ မလွယ်ကူပါ။ အတိတ်သည် ကိုယ့်ပေါ်သို့ တဖြည်းဖြည်း ပိ၍ပိ၍လာတတ်ပါသည်။ ကိုယ့်ခံစားချက်များသည် ယခင်ကထက် ပြင်းထန်၍ ကိုယ့်စိတ်သည် ယခင်ကထက် ထက်သန်လာသည်ဟု ထင်တတ်ကြပါသည်။ ထိုအတိုင်းမှန်လျှင် ထိုအထင်ကို မေ့ပျောက်ပစ်သင့်ပါသည်။*

. . . ဟု ဘာထရန်ရပ်ဆဲလ် (Bertrand Russell) က 'ဘယ်လို အိုကြမလဲ' (How to grow old?) ဟူသော စာတစ်ပိုဒ်ထဲ

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ထည့်သွင်းရေးသားခဲ့ပါသည်။

မြို့ကလေး၏ ခေါင်မိုးထက်၌ ဧပြီလ၏ နေရောင်ခြည်နှင့် လေထုတို့ ရောယှက်ကာ ပူပြင်းတောက်ပနေကြဆဲ ဖြစ်ပါသည်။ အခြားသော တစ်ဖက်စားပွဲမှ အဘိုးကြီးသည် သတင်းစာကို ဟိုဘက်သည်ဘက် တဖျပ်ဖျပ်လှန်လှောကာ ဖတ်ရှုငြိမ်သက်လျက်ရှိ၏။ ဗာဒံပင်အောက်က ကလေးငယ်သည် မတ်မတ်ရပ်ကာ ခွေးကလေး၏ အမြီးကို ဆွဲနေလေ၏။ ခွေးကလေးက တအိုင်အိုင်အော်လို့။ စားပွဲပေါ်မှ ယင်ကောင်များကို တဖြန်းဖြန်းရိုက်နေသော စားပွဲထိုးချာတိတ်ကလေးသည် မည်းညစ်ညစ်လက်သုတ်ပဝါကို ခါးကြားတွင် ပြန်ထိုးကာ စားပွဲတွင်ထိုင်၍ ဒင်္ဂါးပြားစေ့အဟောင်းတစ်ခုကို ခေါင်းပန်းလှည့်ကာ ဆော့ကစားနေလေသည်။ တိတ်ဆိတ်နေသော ကဖေးဆိုင်လေးထဲတွင် ဒင်္ဂါးပြားစေ့ တဝီဝီလည်နေသံကို ကြားရလေသည်။ ကျောက်တုံးကြီးများကို တင်ဆောင်လာသော လော်ရီကားကြီးများ ကတ္တရာလမ်းအတိုင်း ဝင်ရောက်လာကြပြန်သည်။ မှန်ကောင်တာနောက်ဘက်ဆီမှ ကဖေးဆိုင်ပိုင်ရှင်၏ ခလော . . ခလူး . . ခလူး . . ရှူး . . . ခလော . . . ခလူး . . ရှူး ဟူသော ဟောက်သံသည် တိုးလိုက်ကျယ်လိုက်၊ ကျယ်လိုက်တိုးလိုက်။ ဧပြီလထဲတွင် ဝတ္ထုတို တစ်ပုဒ်လောက် ကျွန်တော်ရေးရဦးမည်။ စာရေးသားခြင်းက ကျွန်တော့်ကို နာကျင်စေခဲ့ဖူးပါသည်။ နာကျင်မှုသည် ယနေ့အခါမှာ အံဆန်းတကြယ်ကိစ္စ မဟုတ်တော့ပါ။ နာကျင်မှုသည် ပို၍ သိက်သောင့်သက်သာဖြစ်မှုနှင့် ပျော်ရွှင်ကျေနပ်မှုဆီသို့ သွားရာလမ်းတွင် ဖြတ်သန်းရသည့် တံတားတစ်ခု ဖြစ်ပါသည်။ လွန်ခဲ့သော အနှစ် ၂၀ ခန့် စာရှူးပေရှူးဘဝက ကျွန်တော်ရေးခဲ့ဖူးသလိုပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုစဉ်က ကျွန်တော်သည် ကမ္ဘာကျော် စာရေးဆရာတစ်ဦး ဂိုက်ဖမ်း၍ ဤသို့ ရေးသားခဲ့ဖူးပါသည်။

*ကျော်ပေါ်က အမာရွတ်တွေဟာ*

*နွှောင်းလူတွေအတွက် အက္ခရာတွေပါကွာ .... တဲ့ ။*

ဧပြီလရဲ့ နေ့လယ်ခင်းတွင် ကျွန်တော်သည် ကဖေးဆိုင်ထဲမှာ ငြိမ်သက်နေခဲ့ပါသည်။ စားပွဲထိုးချာတိတ်ဆီမှ ဒင်္ဂါးပြားစေ့ဟောင်းတစ်ခု တဝီဝီလည်နေသံက ကြားနေရဆဲ ဖြစ်ပါသည်။

စတိုင်သစ်၊ ဩဂုတ်၊ ၂၀၀၅။

mgyoe.com

mgyoe.com SAMPLE BOOK

# မုန်လာချဉ် ပုလင်းကလေး

မင်းတို့ကို ငါ ပြောပြရဦးမယ်။ မုန်လာချဉ်ပုလင်းကလေး တစ်ခုအကြောင်း ဖြစ်သည်။ ငါတို့အိမ်တွင် ပုလင်းခွံတစ်ခု ရှိသည်။ ထိုပုလင်းခွံသည် နောင်အခါတွင် ယခု ငါပြောပြမည့် မုန်လာချဉ် ပုလင်းကလေး ဖြစ်လာသည်။

ပုလင်းကလေးက အဖြူရောင်ဖန်သားကိုယ်ထည်နှင့် ရှည်မျောမျော လေးထောင့်ပုံစံရှိပြီး အဝမှာ စက်ဝိုင်းပုံသဏ္ဌာန် ဖြစ်သည်။ ငါ ပြောပြဦးမည်။ ငါ့ဇနီးက ငါ့ကို သိပ်ချစ်မြတ်နိုးသော အချိန်ကာလတစ်ခု ရှိခဲ့သည်။ ထိုအချိန်တွင် မုန်လာချဉ်ပုလင်းကလေးကို သူ ငါ့အတွက် ပြုလုပ်ပေးခြင်း ဖြစ်သည်။ ငါ ပြောပြဦးမည်။ ငါ့ဇနီးက သူမကွယ်လွန်မီ ငါ့အတွက် ပြုလုပ်ပေးသွားခဲ့သော အောက်မေ့ဖွယ်ရာ အရာဝတ္ထုတစ်ခုမှာလည်း ထိုမုန်လာချဉ် ပုလင်းကလေးပင် ဖြစ်သည်။ ယခုအခါတွင် မုန်လာချဉ်ပုလင်းအခွံနှင့်အတူ ငါတစ်ယောက်တည်း ကျန်ရစ်သည်။ ငါ့ဇနီး မရှိတော့ သူမသည် ငါမသိနိုင်သော အခြားသောနေရာတစ်ခုကို ထွက်ခွာသွားခဲ့ပြီ။ ဆိုလိုသည်မှာ သူမ သေဆုံးကွယ်လွန်သွားခဲ့ပြီ ဆိုခြင်းပင် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ငါသည် မပျော်ရွှင်နိုင်သော၊ သို့မဟုတ် ပျော်ရွှင်ရန် တုံ့နှေးသော လူတစ်ယောက် ဖြစ်နေခဲ့သည်။ ထိုနေ့က ငါ့ဇနီးသည် ဈေးသို့သွား၍ မုန်လာဥတစ်တွဲကို ဝယ်ယူလာခဲ့သည်။ ပန်းမုန်လာတစ်ပွင့်ကို ဝယ်ယူလာခဲ့သည်။ ထို့အပြင် ငါကြိုက်နှစ်သက်သော မြေပဲများကိုလည်း ဝယ်ယူလာခဲ့သည်။ ထို့အပြင် ငါကြိုက်နှစ်သက်သော မြေပဲတောင့်များကို အခွံတချွတ်ချွတ်ခွာ၍ ကုလားထိုင်မှာထိုင်ရင်း တဂွတ်ဂွတ်စားနေခဲ့သည်။ ငါ့ဇနီးသည် မီးဖိုချောင်ထဲတွင် မုန်လာဥများကို ဆေးကြောသန့်စင်ကာ ဓားဖြင့် လှီးဖြတ်နေသည်။ ပန်းမုန်လာပွင့်ကို အခက်အလက်လေးများ လှီးသည်။ ငါက ရောင့်ရဲတတ်သူဖြစ်သလို အကောင်းကြိုက်တတ်သူလည်း ဖြစ်နေပြန်သေးသည်။ မုန်လာချဉ်ဆိုလျှင် မုန်လာဥနှင့်အတူ ပန်းမုန်လာ၊ ပဲပိုးတီ စသည်တို့ကိုပါ ထည့်သွင်း၍ အချဉ်တည်သည်ကိုမှ ငါက ပို၍ ကြိုက်နှစ်သက်သည်။ ဤအကြောင်းကို ငါ့ဇနီးက သိရှိထားပြီး ဖြစ်သည်။ ဤကမ္ဘာ၌ ငါ့အကြောင်းကိုငါကိုယ်တိုင်ထက်ပြီးလျှင် အသိနားလည်ဆုံးမှာ ငါ့ဇနီးပဲ ဖြစ်လိမ့်မည်ဟု ငါထင်သည်။ ငါ့မိုက်မဲမှု၊ ငါ့အရည်အချင်း၊ ငါ့အသုံးမကျပုံ၊ ငါ့ကျွမ်းကျင်မှု၊ ငါ့ရယ်သံ၊ ငါ့မျက်ရည်၊ ငါ့အချည်းအနှီးဖြစ်မှု၊ ငါ့ယုံကြည်မှု အားလုံး ငါ့ဇနီးက တော်တော်များများ သိထားသည်ဟု ငါထင်သည်။ ငါ့ဇနီးသည် ငါ့ထက် အတန် အသက်ကြီးပါသည်။ ထို့ကြောင့်ပင် သူ့ကို ငါက ပို၍ လေးစားချစ်ခင်မြတ်နိုးခဲ့သည် ထင်သည်။ ငါ နားမထောင်သော်လည်း၊ ငါ မလိုက်နာသော်လည်း ငါ့ကို ဆုံးမစကားဆန်ဆန် မကြာမကြာပြောတတ်သူမှာ ငါ့ဇနီးပင် ဖြစ်သည်။ ငါသည် ငါ့ဇနီးကို ပိုင်ဆိုင်ရခြင်း၌ အတိုင်းမသိ ဝမ်းမြောက်ရခြင်း ဖြစ်ခဲ့ဖူးသည်။ သို့ရာတွင် ငါတို့နှစ်ဦး

mgyoe.com

mgyoe.com SAMPLE BOOK

သည် အခြားသော ဇနီးမောင်နှံများနည်းတူ ခိုက်ရန်ဖြစ်ပွား စကား များခြင်းလည်း ရှိတတ်သလို တစ်ဦးနှင့်တစ်ဦးပြန်လည်သင့်မြတ်၍ ဘဝထုပ္ပတ်ကို ကျင်လည်ကြမြဲဖြစ်သည်။ မင်းတို့ကို ငါပြောပြရဦး မည်။ ထိုနေ့က ငါ့ဇနီးသည် လှီးဖြတ်ထားသော မုန်လာဥဖွေးဖွေးများ ကို ပုလင်းကလေး၏ ဖန်သားကိုယ်ထည်ထဲသို့ ထည့်သွင်းခဲ့သည်။ အကောင်းကြိုက်တတ်သော ငါ့အတွက် ဗန်းမုန်လာခက်ကလေးများ ကိုလည်း ရောနှော၍ထည့်သွင်းခဲ့သည်။ ငါ့ဇနီးသည် နံနက်စောစော ပိုင်း ထမင်းတစ်အိုးချက်ရာက ရရှိသော ထမင်းရည်ကို သိမ်းဆည်း ထားရာမှ ပုလင်းကလေးထဲသို့ လောင်းထည့်ခဲ့သည်။ မုန်လာချဉ် ပုလင်းကလေးကို သူမ စတင်ပြုလုပ်နေပေပြီ။ ထိုနေ့ရက်များသည် ငါ့ဇနီးအတွက် နောက်ဆုံးရရှိသော နေ့ရက်များ ဖြစ်နေခဲ့သည်ကို ငါတို့ မသိခဲ့ကြ။ သို့ရာတွင် များမကြာမီ၌ သေခြင်းတရား၏ အမည်း ရောင် အရိပ်ကြီးသည် ငါတို့အိမ်ကလေးထဲ ထိုးကျလာသည်ကို ငါတို့ မသိချင်၍ မရတော့ပြီ။

မင်းတို့ကို ငါပြောပြရဦးမည်။ ထိုနေ့က မုန်လာချဉ်ပုလင်းက လေးကို အိမ်ရှေ့ဝိုင်းကွက်လပ်ရှိနေရောင်ခြည်ထဲတွင် သူမက ထား ရှိခဲ့သည်။ နံနက်ခင်းပိုင်းက ဖြူဆွတ်ဆွတ် မုန်လာဥများသည် နေ့လယ်ခင်းကို ကျော်လွန်လာခဲ့သောအခါ အဖြူရောင်မှာ ဖျော့ တော့စ ပြုလာခဲ့သည်။ ညနေစောင်းချိန်ခန့်သို့ရောက်သောအခါ မုန် လာချဉ်ပုလင်းကလေးထဲတွင် လေပူဖောင်းကလေးများ ပလုံစီကာ အပေါ်ယံမျက်နှာပြင်သို့ တက်လာသည်ကို မြင်ကြရသည်။ မုန်လာ ချဉ်ပုလင်းကလေးသည် တစ်နာရီထက်တစ်နာရီ၊ တစ်မိနစ်ထက် တစ်မိနစ် ရှေ့ကိုသွားနေသည်။ ဆိုလိုသည်မှာ မုန်လာချဉ်ပုလင်းက

mgyoe.com

mgyoe.com SAMPLE BOOK

လေးသည် သူ့ကိုယ်သူ မုန့်လာချဉ်အဖြစ်သို့ ရောက်ရှိရန် ကြိုးစားနေသည့်နှယ်ပင် ဖြစ်သည်။ ညသို့ရောက်သောအခါ ငါ့ဇနီးသည် မုန့်လာချဉ်ပုလင်းကလေးကို မီးဖိုချောင် ကြောင်အိမ်ပေါ် တွင်တင်ကာ သိမ်းထားလိုက်သည်။ ငါ သိသည်။ မကြည့်မြင်ပေမဲ့ ငါ ကောင်းစွာ သိသည်။ မီးဖိုချောင် အမှောင်ထုထဲတွင် မုန့်လာချဉ်ပုလင်းကလေးသည် လေပူဖောင်းတို့ ပလုံစီကာ တက်နေလိမ့်ဦးမည်သာ။

မင်းတို့ကို ငါပြောပြရဦးမည်။ နှစ်ရက်၊ သုံးရက်ခန့် အကြာတွင် ငါ့ဇနီးပြုလုပ်သော မုန့်လာချဉ်ပုလင်းကလေးသည် မုန့်လာချဉ်ပုလင်းအဖြစ်သို့ ကောင်းစွာရောက်ရှိလာခဲ့သည်။ ထိုနေ့ရက်များသည် ငါ့ဇနီး စတင် နာမကျန်းဖြစ်သောနေ့ရက်များ ဖြစ်လာခဲ့သည်။ ငါသည် မပျော်ရွှင်နိုင်တော့ချေ။ ငါ့ဇနီးသည် ထမင်းစားပွဲတွင် အခြားဟင်းအမည်များနှင့်အတူ မုန့်လာချဉ် ပုလင်းကလေးကို ဖွင့်ကာ ဝါးတူတစ်စုံဖြင့်ညှပ်ကာ မုန့်လာချဉ်ဖတ်များကို ငါ့အား စားစေခဲ့သည်။ ဤမုန့်လာချဉ်ဖတ်ကလေးများထဲ၌ ငါ့ဇနီးသည် ငါ့အပေါ်သူ အလိုက်လျောနိုင်ဆုံး၊ နားအလည်ပေးနိုင်ဆုံးနှင့် ထားရှိနိုင်ခဲ့သော သံယောဇဉ်အားလုံးတို့ ပါဝင်နေခဲ့သလိုပင် ရှိခဲ့သည်ဟု နောင်သောအခါ ငါ ပြန်လည်ဆင်ခြင်မိ၊ အမှတ်ရမိခဲ့ပါသည်။ ထိုနေ့က ထမင်းပွဲမှာ ငါ ယခင်ကကဲ့သို့ ကောင်းစွာ မြိန်ယှက်ခြင်း မရှိ။ မုန့်လာချဉ်ဖတ်များက ကောင်းစွာ အရသာရှိပါ၏။ သို့ရာတွင် ငါ နှုတ်မမြိန်တော့။ နောက်ကျိသော နို့နှစ်ရောင်အရည်များထဲက မုန့်လာချဉ်ဖတ်ကလေးများသည် ဖန်ပုလင်းကလေးထဲတွင် ငြိမ်သက်လျက် ရှိပါသည်။ ထိုနေ့ရက်က စားသောက်ခဲ့သေ ညစာသည် ငါတို့နှစ်ဦးအတူတကွ စားသောက်ခဲ့သော နောက်ဆုံးညစာပင် ဖြစ်လိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

မင်းတို့ကို ငါ ပြောပြရဦးမည်။ ငါသည် သူ့ကို ဆုံးရှုံးရတော့မည်။ နာမကျန်းသော ငါ့ဇနီးသည် ငါ့ကို သူ့အနီးအပါးမှာပဲ နေစေခဲ့တော့သည်။ ဝေးဝေးတစ်နေရာက ကြေကွဲဖွယ်ကောင်းသောထရမ်းပက်မှုတ်သံကို ငါ ကြားယောင်မိသည်။ ညည်ဆိုလျှင် ငါ ကောင်းစွာ အိပ်စက်မရ။ ဆေးအရှိန်ဖြင့် မိန်းမောကာ အိပ်ပျော်နေသော ငါ့ဇနီးသည်၏ မျက်နှာကိုကြည့်ကာ ငါ အဆုံးရှုံးမခံနိုင် ဖြစ်မိသည်။ သို့ရာတွင် မဖြစ်နိုင်။ ငါ့ဇနီး၏ ခန္ဓာကိုယ်မှ အသားစကို ထုတ်ယူ၍ ဓာတ်ခွဲစစ်ဆေးကြည့်ခဲ့ပြီးပြီ။ သို့ရာတွင် မဖြစ်နိုင်။

မင်းတို့ကို ငါ ပြောပြရဦးမည်။ မီးဖိုချောင် ကြောင်အိမ်ထက်တွင် တင်ထားသော မုန်လာချဉ်ပုလင်းကလေးသည် ပို၍ပို၍ နောက်ကျိလာခဲ့သည်။ သူ ရှေ့ကို ဆက်သွားနေသည်။ ဖြူရော်ရော်အမြှုပ်တို့ကို ထလာခဲ့သည်။ ခပ်ရိုင်းရိုင်း အနံ့စူးစူးကို ရသည်။ ငါသည် မုန်လာချဉ်ပုလင်းကလေး၏ အချည်းနှီးဖြစ်ရပုံကို မြင်နေမိသည်။ ငါ့ဇနီးက ငါ့ကို သိပ်ချစ်မြတ်နိုးသော အချိန်ကာလတစ်ခုကား ကျရောက်လာခဲ့ပြီ။ ဝါကျင့်ဖျော့တော့သော သူလက်ဖမိုးကိုကိုင်ကာ ပြဇာတ်တစ်ပုဒ်ထဲက သရုပ်ဆောင်လို ငါနမ်းရှုံ့ခဲ့မိသည်။ ငါ့လက်မောင်းကို သူက တင်းတင်းဆုပ်ထားသည်။ မင်းတို့ကို ငါ ပြောပြရဦးမည်။ မုန်လာချဉ်ပုလင်းကလေးသည် ရှေ့ကို ဆက်သွားနေလေ၏။

၂၀၀၅၊ ၆၊ ၄ (ညနေ ၃ နာရီ)

စတိုင်သစ်၊ စက်တင်ဘာ၊ ၂၀၀၅။

mgyoe.com

mgyoe.com SAMPLE BOOK

## ကျွန်တော့်အမေဟာ သူ မကွယ်လွန်မီ နံနက်ပိုင်းက
## ကျွန်တော့်ကို ခဲတံ ချွန်ပေးခဲ့တယ်

ကျွန်တော့်အမေဟာ သူ မကွယ်လွန်မီ နံနက်ပိုင်းက ကျွန်တော့်ကို ခဲတံ ချွန်ပေးခဲ့တယ်။ အဲဒီနေ့က ကျွန်တော်တို့ မောင်နှမနှစ်ယောက် ကျောင်းကို သွားဖို့ပြင်တော့ အမေက ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေတယ်။ အမေ နေမကောင်းဘူး။ နံနက်ခင်းနေရောင်ခြည်ဟာ ပြတင်းပေါက်ကနေ ဖြတ်ဝင်လာပြီး အခန်းထဲမှာ လင်းလို့၊ နွေးလို့။ ညီမလေးတ "ခဲတံ မချွန်ရသေးဘူး ကိုကို" ဆိုတော့ အမေက ကျွန်တော်တို့နှစ်ယောက်ကို သူ့အနား လှမ်းခေါ်တယ်။ ပြီးတော့ ညီမလေး ခဲတံရယ်၊ ကျွန်တော့်ခဲတံရယ်ကို ယူပြီး သူဝတ်ထားတဲ့ အပေါ်ဝတ်အင်္ကျီအိတ်ထဲက ခဲတံချွန်တဲ့ ဓားကလေးကို ထုတ်လိုက်တယ်။ ညီမလေးရဲ့ ခဲတံက အနီရောင်၊ ကျွန်တော့်ခဲတံကလည်း အနီရောင်ပါပဲ။ အမေက ကျွန်တော်တို့ ခဲတံတွေကို အမြဲပဲ စိတ်ရှည်လက်ရှည် ချွန်ပေးနေကျပါ။ အမေ့အင်္ကျီအိတ်ထဲမှာ ခဲတံချွန်တဲ့ ဓားကလေးတစ်ချောင်း အမြဲရှိတယ်။ ကျွန်တော့်ကို မနက် မနက် ကျောင်းမသွားခင် အမေ့ကို ခဲတံချွန်ခိုင်းနေကျပါ။ အမေကလည်း အမြဲပဲ ခဲတံချွန်ပေးလေ့ ရှိပါတယ်။ တစ်ခါတလေ အမေ ဈေးက ဝယ်ခြမ်းလာတဲ့ ဟင်းလျာတွေ၊ အသီးအနှံတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

ခုတ်ထစ်လို့ဖြတ်နေရင်တောင် ကျွန်တော်တို့ ခဲတံ ချွန်ပေးဦးအမေ ဆိုရင် ဟင်းသီးဟင်းရွက်တွေကို ခဏချထားပြီး ကျွန်တော်တို့ကို ခဲတံချွန်ပေးပါတယ်။ အမေ့အင်္ကျီအိတ်ထဲက ခဲတံချွန်တဲ့ ဓားက လေးကို ထုတ်ပြီးတော့ပေါ့။ အမေဟာ ခဲတံကို သက်သပ်ရပ်ရပ်နဲ့ ရေးလို့ကောင်းအောင် ချွန်တတ်တယ်။ ကျွန်တော်တို့ကျောင်းမှာ စာ တွေအများကြီးရေးရလို့ ခဲတံက မချွန်တော့ဘဲ တုံးသွားတဲ့အခါတွေ ဆိုရင် တစ်ခါတလေ ဆရာမက ကျွန်တော်တို့ကို ချွန်ပေးတယ်။ ဒါပေမဲ့ ဆရာမက သူ အလုပ်မအားရင်တော့ ကျွန်တော်တို့ကို ဘယ် အမြဲ ချွန်ပေးနိုင်ပါ့မလဲ။ ကျောင်းကအပြန်မှာ မတုံးသေးတဲ့ ကျွန် တော်တို့ခဲတံတွေကို ကြည့်ပြီး အမေက မေးတယ်။ သားတို့ခဲတံ ဘယ် သူချွန်ပေးတာလဲတဲ့။ ကျွန်တော်တို့က ဆရာမလို့ ပြောတာပေါ့။ တစ်ခါတလေကျတော့ ဆရာမစိတ်ဆိုးနေတဲ့ နေ့တွေဆိုရင် ခဲတံက ရေးရင်းတုံးသွားလည်း ဒီအတိုင်း အတုံးကြီးနဲ့ ကျွန်တော် စာရေးရ တယ်။ ဆရာမ သားရဲ့ခဲတံကို ချွန်ပေးပါလို့ မပြောရဲဘူး။ အမေက တော့ ကျွန်တော်တို့ ကျောင်းဆင်းလာပြီး ညပိုင်းအိမ်စာတွေ လုပ် နေရင်လည်း ခဲတံကတုံးနေရင် ယူပြီး ချွန်ပေးတယ်။ အမေချွန်ပေး တဲ့ ခဲတံနဲ့ စာရေးရင် လက်ရေးလှအောင် ကျွန်တော် ရေးနိုင်ပါတယ်။ ပုစ္ဆာတွေ အားလုံးမှန်အောင် တွက်နိုင်ပါတယ်။ အဲဒီတုန်းက ကျွန် တော်က သုံးတန်း၊ ညီမလေးက နှစ်တန်း။ ညီမလေးက စာတော်ပါ တယ်။ သူတစ်တန်းကတည်းက အဖေနဲ့အမေရဲ့ နာမည်တွေကို အော်အော်ပြီး စာလုံးပေါင်းလိုက်တာ အိမ်ထဲမှာ ညံလို့။ ကျွန်တော့် အမေဟာ သူ မကွယ်လွန်မီ နံနက်ပိုင်းက ကျွန်တော့်ကို ခဲတံ ချွန်ပေး ခဲ့တယ်။ အဲဒီနေ့က ကျွန်တော်နဲ့ညီမလေး ကျောင်းကိုရောက်တော့

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းတက်ခေါင်းလောင်း တော်တော်နဲ့ မထိုးဘူး။ ညီမလေးက အမေပေးလိုက်တဲ့ မုန့်ဖိုးနဲ့ ကျောင်းမုန့်ဈေးဆိုင်မှာ မုန့်ဝယ်စားတယ်။ ချိုချဉ်တစ်ခု၊ ပီကေတစ်ခု၊ အဲဒီနေ့က ကျောင်းတက်တော့ ကျွန်တော်တို့ကို ဆရာမက အင်္ဂလိပ်စာမီးနင်း အသစ်တွေ သင်တယ်။ အဲဒီမီးနင်းတွေ ကျွန်တော် ခုထက်ထိ အလွတ်ရပါတယ်။ ကျွန်တော့်ကို အမေက အနွေးထည်အင်္ကျီဝတ်ပေးလိုက်တယ်။ အအေးမိမှာစိုးလို့တဲ့။ အဲဒီနေ့က ကျွန်တော်တို့ကို ဆရာမက ကဗျာတွေ ရွတ်ခိုင်းသေးတယ်။ ဆရာမ သင်ထားလို့ ကျွန်တော်အလွတ်ရနေတဲ့ ကဗျာတွေ၊ ကျောင်းပိတ်ရက်တွေ အိမ်မှာ အမေ့ကို လှည့်ပတ်ခုန်ပေါက်ပြီး ခဏခဏ ဆိုပြတဲ့ ကဗျာတွေပေါ့။ ကဗျာထဲက ကြက်မကြီးတစ်ကောင်ဟာ ဘဲဥလေးတွေကို ဝပ်ပြီး အကောင်ဖောက်ရတဲ့ အကြောင်းပါ။ အကောင်ပေါက်လာတဲ့ ဘဲကလေးတွေကို သိပ်ချစ်တဲ့ ကြက်မကြီးအကြောင်းပါ။ ကျောင်းမှာ ကျွန်တော် ကဗျာရွတ်ဆိုနေရင်းမနက်က အမေ့ကို အဖေက ဆေးတိုက်နေတာ သတိရလာတယ်။ အမေနေမကောင်းတာ နည်းနည်းကြာပြီ။ အဲဒီနေ့က ကျွန်တော်တို့ ကျောင်းက ပြန်လာတော့ အမေ့အင်္ကျီအိတ်ထဲမှာ ခဲတံချွန်တဲ့ ဓားကလေး။ မနက်တိုင်း မနက်တိုင်း ခဲတံချွန်ပေးတဲ့ ဓားကလေး။ အမေ့အင်္ကျီအိတ်ထဲမှာပေါ့။ ကျွန်တော့်အမေက သူ မကွယ်လွန်မီ နံနက်ပိုင်းက ကျွန်တော့်ကို ခဲတံချွန်ပေးခဲ့တယ်။ အဲဒီ ခဲတံလေးဟာ အမြဲပူနွေးတယ်။ အဲဒီခဲတံလေးဟာ အမြဲထက်မြက်နေတယ်။ ကျွန်တော့်မှာ အဲဒီခဲတံကလေး အမြဲရှိတယ်။

စတိုင်သစ်၊ အောက်တိုဘာ၊ ၂၀၀၅ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ဓာတ်ပုံထဲမှာ ပြုံးရယ်နေသူ

ကျွန်တော်သည် မဝင်းမေနှင့်တွေ့ဆုံလိုလျှင် သူ၏ ဓာတ်ပုံကို ကြည့်ရသည်။ မဝင်းမေသည် ဓာတ်ပုံထဲတွင် ပြုံးရယ်လျက်ရှိသည်။ မဝင်းမေသည် ဓာတ်ပုံထဲတွင် မတ်တတ်ရပ်လျက်ရှိသည်။ အင်္ကျီမှာ အနီရောင်နှင်းဆီပွင့် ပုံကလေးပါသော တီရှပ်ကို ဝတ်ထားသည်။ ထဘီမှာ အနက်ရောင်ဖြစ်သည်။ ထိုဓာတ်ပုံကို ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ကလေးတွင် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ဓာတ်ပုံထဲတွင် မဝင်းမေနှင့် ကျွန်တော်၏ ရင်သွေးငယ်ကလေးပုံကိုလည်း တွေ့ရသည်။ သားငယ်ကလေးက ဓာတ်ပုံအလယ်ပိုင်းတွင်ရှိပြီး ဝဲဘက်ဘေးတွင် ကျွန်တော်က ရပ်လျက်ရှိကာ ယာဘက်ဘေးတွင် မဝင်းမေကို တွေ့ရသည်။ ကျွန်တော်ရယ်၊ မဝင်းမေရယ်၊ သားငယ်ကလေးရယ်က မဝင်းမေမိဘများရှိရာ ဇာတိမြို့ဖြစ်သော ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ကလေးဆီသို့ အလည်အပတ်သွားရောက်ရင်း ရိုက်ကူးခဲ့သော ပုံကလေး ဖြစ်ပါသည်။ ထိုစဉ်က မဝင်းမေ၏ အသက်အရွယ်မှာ သုံးဆယ်ကျော် လေးငါးနှစ်အတွင်းမှာ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပျိုမျစ်သော မိခင်တစ်ယောက်အရွယ် ဖြစ်ပါသည်။ ကျွန်ုပ်တော်သည် ရှမ်းပြည်နယ် မြောက်ပိုင်း မဝင်းမေတို့၏ နမ့်ခမ်းမြို့ကလေးမှာ ရက်အတန်ကြာ နေထိုင်ခဲ့ပါသည်။ နမ့်ခမ်းဈေးနေ့တွင် ဈေးထဲမှ လုံးတန်ကဲ၏ ရှမ်းစာနှင့် စကားလေ့လာထားဟူသော စာအုပ်ကလေးကို ကျွန်တော်ဝယ်ယူကာ ဖတ်ရှုခဲ့ပါသည်။ နမ့်ခမ်းမှ အမျိုးများ အဆွေများက ကျွန်တော့်ကို သူတို့ ရှမ်းစာတွေ တဝကြီးကျွေးကြပါသည်။ နမ့်ခမ်းမြို့ကလေးမှာ လည်စရာပတ်စရာနေရာများကို ကျွန်တော်တို့ သွားရောက်လည်ပတ်ကြသည်။ ယခုဓာတ်ပုံသည် နမ့်ခမ်းမြို့ ရေပူစမ်းမှာ သွားရောက်လည်ပတ်ရင်း အမှတ်တရ ရိုက်ကူးခဲ့သောပုံ ဖြစ်ပါသည်။ ဓာတ်ပုံထဲတွင် မဝင်းမေက ပြုံးရယ်လျက် ရှိသလို ကျွန်တော်လည်း ပြုံးရယ်လျက် ရှိပါသည်။ သားငယ်ကလေးက ငိုမဲ့မဲ့ ဖြစ်နေပုံကို ဓာတ်ပုံထဲမှာ တွေ့နိုင်သည်။ ထိုစဉ်က ကျွန်တော့် အသက်မှာ (၃၀) ပင် မပြည့်တတ်သေး။ သားလေးက အခါလည် လောက်။ မဝင်းမေကတော့ သုံးဆယ်ကျော် လေးငါးနှစ်လောက် ဖြစ်မှာပေါ့။ မဝင်းမေသည် ကျွန်တော်နှင့်အတူ ဘဝတစ်ခု ထူထောင်ရန် ဆုံးဖြတ်ခဲ့သည်။ ကျွန်တော်၏ ဘဝသည် သူ၏ဘဝ ဖြစ်ခဲ့သလို သူ့ဘဝလည်း ကျွန်တော့်ဘဝ ဖြစ်လာခဲ့ပါသည်။ အားလုံး အတူတူ။ ကျွန်တော်သည် မဝင်းမေနှင့်တွေ့ဆုံလိုလျှင် ထိုဓာတ်ပုံကို ကြည့်ရသည်။ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ တွင် မဝင်းမေ ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် မဝင်းမေနှင့် တွေ့ဆုံလိုလျှင် သူ့ဓာတ်ပုံကို ကြည့်ရပါသည်။ မဝင်းမေကို ကျွန်တော်တစ်ခု မေးချင်သည်။ ပြုံးရယ်ရန် အဘယ်မျှ ခက်ခဲကြောင်း သိပါစ။ မိမိ၏

mgyoe.com

mgyoe.com SAMPLE BOOK

နာကျင်မှုကို မိမိသိသောသူသည် ပြုံးရယ်ခြင်းကို မည်သို့ပြုလုပ်ပါသနည်း။ ဒီကနေ့သည် ဧပြီလလယ် ပူပြင်းအိုက်စပ်သောနေ့တစ်နေ့ဖြစ်သည်။ မီးရထားကြီးတစ်စီး တရွေ့ရွေ့ ခုတ်မောင်းသွားခဲ့ပြီ။ ရေပိုက်ခေါင်းမှ ရေတွေ လာနေသည်။ ကျွန်တော်တို့ ပြုံးရယ်ခဲ့ကြသည်။ သွားပွတ်တံမှာ သွားတိုက်ဆေး ညှစ်ထားသည်။ ညနေ စောင်းပြီ။ သူတို့ စကားပြောနေကြသည်။ လေက ငြိမ်နေသည်။ လမ်းမများမှာ အပူငွေ့တွေ ထနေဆဲဖြစ်သည်။ ကျယ်လောင်သော အင်ဂျင်စက်အော်မြည်သံကို ကြားရ၏။ အဝေးကြီးက အော်ခေါ်နေသော အသံပေါ်ထွက်လာသည်။ မျက်လုံးများကို မှိတ်ထား၏။ ကျွန်တော့်မှာ ပြောပြစရာတချို့ ရှိပါသည်။

၁၅. ၄. ၂၀၁၀

ညနေ (၆း၃၀) နာရီ ။

mgyoe.com

mgyoe.com SAMPLE BOOK

## အဲဒါ မင်းအကြောင်းတွေ

ကျုပ် အိမ်မှာ မရှိတဲ့အချိန် ကျုပ်ဇနီးက ဘာများလုပ်နေမတုံးလို့ တစ်ခါမှ မစဉ်းစားခဲ့ဖူးဘူး။ ချစ်စွာသော စာရှုသူ ဒါဟာ ကျုပ်က ဇာတ်လမ်းဇာတ်ကြောင်းလေးတစ်ခုကို ပြောပြချင်လို့ အစပျိုးနေခြင်းပါ။ ကျုပ်က အခုရက်ပိုင်းတွေမှာ ဖွင့်ပြောဖို့ (တစ်ချိန်က) ရှက်တက်တက်ဖြစ်ခဲ့တဲ့ အကြောင်းအရာတချို့ကို စဉ်းစားကြည့်နေမိတယ်ဗျ။ ကျုပ်က ရှက်တက်တက်ဖြစ်နေချိန် နည်းပါတယ်။ နို့ပေမဲ့ ရှိခဲ့တဲ့ အကြောင်းအရာတွေထဲမှာ ကိုယ်မလိုချင်တာတွေကလည်း ပါနေတတ်တာမျိုးကလား။ ဘဝဆိုတာ ဒီလိုပါပဲ။ ကံများဆိုးချင်တော့ ကျုပ်က အိမ်တွင်းသူခိုးဘဝတောင် ရောက်ခဲ့သူပါ။ ကျုပ်က ကိုယ့်ကိုယ်ကိုယ် ပိရိလှပြီတွက်ထားပေမဲ့ ဒါတွေအားလုံးကို ကျုပ်ဇနီးက သိနေတယ်လေ။ သူက သိလျက်နဲ့ မသိချင်ယောင်ဆောင်တာလည်း မဟုတ်ဘူးဗျ။ အကြောင်းတစ်ခုခုရှိလို့ မျိုသိပ်ထားတာလည်း မဟုတ်ဘူးဗျ။ သူက ကျုပ်ကို ဘာမှ အပြစ်မမြင်ဘဲ တစ်ခုခုကို ကောင်းစွာ နားလည်ထားတဲ့ ပုံမျိုးနဲ့လေ။ သူ ကျုပ်ကို စိတ်ဆိုးတာ၊ အပြစ်တင်တာ တစ်ခါလားပဲ ကြုံဖူးတယ်။ အဲဒါက ကျုပ် ညတစ်ရေးနိုး ဗိုက်ဆာဆာနဲ့ ဆန်အိုးထဲက သရက်သီးမှည့်ကြီး သူမသိအောင် ယူစားတာကိုပဲ။ အဲဒီတုန်းက ကျုပ်မူးပြီး အိပ်ပျော်သွားတာ။ အပြင်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

သူငယ်ချင်းတွေနဲ့ သောက်လာတာလေ။ နိုးလာတော့ ဗိုက်ထဲမှာ ဟာပြီး ဆာနေတယ်။ အဲဒီတော့မှ ညစာ မစားရသေးတ သတိရလာတယ်။ အချိန်က သန်းခေါင်ကျော် နာရီပြန် ၁ ချက်တီးလောက်မှာ ကျုပ်အိမ်အောက်ကိုဆင်းပြီး စားစရာတစ်ခုခုရှာတယ်။ ကြောင်အိမ်ကိုဖွင့်ကြည့်တော့ ပန်းကန်တွေအားလုံး ပြောင်စင်နေအောင် ဆေးထားတယ်။ ထမင်းအိုးကို ဖွင့်ကြည့်တော့ ထမင်းတစ်စေ့တောင် မရှိဘူး။ ပြောင်နေအောင် ဆေးထားတယ်။ ဒယ်အိုးတွေကလည်း ဆေးထားပြီး အိမ်တိုင် သံငုတ်မှာ ချိတ်ထားတယ်။ ကျုပ်လည်း စဉ်းစားမရတာနဲ့ ဆန်အိုးကို ဖွင့်ကြည့်မိတယ်၊ ဘာမှ မရှိဘူး။ ဒါပေမဲ့ ဖြစ်ပုံက ကျုပ်ဆန်တွေထဲ လက်ထိုးသွင်းပြီး နှိုက်ကြည့်တော့ အဲဒီမှာ သရက်သီးမှည့်ကြီးကို တွေ့ရတော့တာပါပဲ။ ဘာပြောကောင်းမလဲ။ ကျုပ်အခွံတောင် မသင်ဘဲ ဒီအတိုင်း ကိုက်ထည့်ပြီး စားပစ်တာ၊ ကျုပ် ဘဝမှာ သရက်သီးမှည့်အရသာကို ကောင်းကောင်းသိခဲ့ရတဲ့ အချိန်ဆိုပါတော့လေ။ ကျုပ်သရက်စေ့ကို မီးဖိုချောင်တံခါးဖွင့်ပြီး အမှောင်ထဲ လွှင့်ပစ်လိုက်တယ်။ (နောင်အခါတွင် ထိုသရက်စေ့မှ သရက်ပင်ပေါက်လာပါသည်။) သရက်သီးစားပြီး ကျုပ်ရေငတ်လာတာကြောင့် ရေအိုးစင်သွားပြီး ရေနှစ်ခွက်လောက် ဆင့်သောက်လိုက်တယ်။ ကျုပ်က 'ရေ' လည်း ကြိုက်တဲ့သူပါ။ (ထိုစဉ်က ရေ ခရေဇီကဗျာ သူ မရေးရသေးပေ)။ ပြီးတော့ ကျုပ် ဘာလုပ်တယ် ထင်လဲ။ ထင်းရှူးသေတ္တာလေးပေါ် စာရွက်ဖြန့်ခင်းပြီး စာရေးတာ ပေါ့လေ။ (ထိုအချိန်က သူသည် စာရေးဆရာပီပီသသ မဖြစ်သေးပေ။)

ကျုပ်ဇနီးမှာ အံ့အားသင့်စရာကောင်းတာ ရှိသဗျ။ ကျုပ်အိပ်ပျော်နေရာ သူ့ဘေးကထပြီး အပြင်သွားရင် (သူသည် ရံဖန်ရံခါည

mgyoe.com

mgyoe.com SAMPLE BOOK
များတွင် ညဥ့်နက်ချိန်၌ မိုးအလင်းဖွင့်သော ကဖေးဆိုင်သို့သွား၍ လက်ဖက်ရည်ပူပူကို မှာသောက်တတ်သည်။) အဲဒီလို သူ့ဘေးမှာ အိပ်နေရာကထပြီး အပြင်သွားရာကနေ ပြန်လာပြီဆိုပါတော့။ ကျုပ် ဇနီးက နိုးနေသဗျ။ သူက ကျုပ်ကို လှမ်းတဲ့ပြီး "ခုနက မင်းဘယ်သွား လိုက်တာလဲ"လို့ မေးသဗျ။ ဒါက ကျုပ်စပ်မိလို့ ပြောပြတာပါ။ အံမယ် ကျုပ်အကြောင်းကို သူက အကုန်သိနေသလိုဗျ။

မနက်လင်းလို့ အချိန်တန်ရင် ကျုပ်အလုပ်ထဲကို သွားတယ်။ မိကျောင်းဘီးကလေးနဲ့ပေါ့။ ဒီနေရာမှာ ကျုပ်ပြောချင်တဲ့ ဇာတ်ကြောင်းကလေး ရောက်လာပြီ၊ အစမှာ ချီထားသလိုပေါ့။ ကျုပ်အိမ်မှာ မရှိတဲ့အချိန် ကျုပ်ဇနီးက ဘာများလုပ်နေမတုံးလို့ တစ်ခါမှ မစဉ်းစားခဲ့ဖူးဘူး။ (သူသည် သူငယ်စဉ် စတုတ္ထတန်းကျောင်းသားအရွယ်က ကျောင်းတက်နေစဉ် အိမ်၌ ရှိသောမိခင်ကို စိတ်မချဘဲ ပူပန်ခဲ့ဖူးသူ ဖြစ်သည်။) ကျုပ်အလုပ်သိမ်းချိန် မတိုင်ခင် နေ့လယ်ကြီးမှာ အိမ်ကို ပြန်ရောက်သွားတယ်။ အိမ်ပေါက်ရောက်မှ ကျုပ်ဇနီး မဝင်းမေ ဘာများလုပ်နေပါလိမ့်လို့ စဉ်းစားမိတော့တာ။ သူက အိမ်အောက် ဝရံတာအောင်က ခုတင်ကလေးပေါ် ထိုင်လို့ ဆန်ဗန်းကို တင်ပြီး ခေါင်းကိုငုံ့လို့ ဆန်ရွေးနေတယ်။

ဒါပါပဲဗျာ ကျုပ်ပြောချင်တဲ့ဇာတ်ကွက်ဆိုတာ။ သူ ဆန်ရွေးတော့ လက်တစ်ဖက်နဲ့ ဆန်ကောထဲက ဆန်ကို မွှေလိုက်ပုံ၊ ဆန်တွေက အသံသဲ့သဲ့မြည်လာပုံကို ကျုပ် ကြားခဲ့ရပါရဲ့ဗျာ။ ချစ်စွာသော စာရှုသူ ကျုပ်ပြောချင်တာ ပြောပြီးပါပြီ။ ဘဝဆိုတာ ဒီလိုပဲ မဟုတ်လားဗျာ။

၂၃. ၁၁. ၂၀၁၇

mgyoe.com

mgyoe.com SAMPLE BOOK

## လွမ်းတဲ့နှစ်များ

မင်းမရှိတော့တဲ့နောက် ငါတို့ဘာသာ ဆက်လက်ရှင်သန်ကြရတဲ့ အချိန်တွေဟာ လွမ်းရတဲ့ နှစ်တွေပါပဲ။ မင်းမရှိတော့တဲ့နောက်နေ့တွေမှာ ငါဟာ ပြင်းထန်တဲ့ စိတ်သောကနဲ့ နေ့ရက်တွေကို ဖြတ်သန်းခဲ့ရတယ်။ အဲဒီ ပြင်းထန်တဲ့သောကဟာ တဖြည်းဖြည်းနဲ့ လျော့ပါးသက်သာလာခဲ့ရပြီး လွမ်းဆွတ်မှုအဖြစ် ကူးပြောင်းသွားခဲ့တယ်။ မင်းမရှိတော့ပေမဲ့ မင်းဝတ်ဆင်ခဲ့တဲ့ အင်္ကျီပါးကလေးမှာ ကိုယ်သင်းနံ့ကို ငါရတယ်။ မင်းရဲ့ ကိုယ်သင်းနံ့လေ။ အဲဒီ အင်္ကျီပါးကလေးက နှိပ်သီးကလေးတွေကို ငါကြည့်နေမိတယ်။ မင်းမရှိတော့တဲ့အချိန်တွေမှာလေ ကလေးတွေကို မြင်ရတော့ မင်းရှိနေသလို ငါပြန် ခံစားရတယ်။ မင်းထိုင်သွားခဲ့တဲ့ ထန်းလက်ကုလားထိုင်ဟာ ဟာလာ ဟင်းလင်းဖြစ်လို့။ အဲဒီ ထန်းလက်ကုလားထိုင်ရဲ့ ထောင့်စွန်းမှာ မင်းဝတ်ဆင်ခဲ့တဲ့ အနွေးထည်က ချိတ်ထားလျက်သား။ မင်းစီးသွားတဲ့ ယင်းမာဖိနပ်ဖြူဖြူကလေးက ခုတင်ဘေးနားမှာ။ ပိတ်ထားတဲ့ အိမ်တံခါးကို ဖွင့်လိုက်တယ်။ မင်း မရှိဘူး။ အိမ်ရှေ့က ရေကန်ကလေးဟာ တိတ်ဆိတ်လို့၊ ရေကန်ကလေးအနီးက ဗာဒံပင်ဟာ နီကျင်ကျင်အရွက်တွေ ကြွေကျလို့။ အိမ်ရှေ့က ရေမြောင်းကား

mgyoe.com

mgyoe.com SAMPLE BOOK

လေးထဲမှာ ရေဟာ အနည်းငယ်မျှသာ။ အိမ်ရှေ့ ရေမြောင်းကလေးကို ဖြတ်ကူးတဲ့ တံတားငယ်ကလေးဟာ လဲလျောင်းတိတ်ဆိတ်မြဲသာ။ ရေမြောင်းအစပ်က မြက်ပင်ကလေးတွေ တချို့ နွမ်းဖျော့လို့။ သိပ်မကြာခင်မှာ နွေဦးပေါက်လာတော့မှာ။ အိမ်ရှေ့လမ်းကို တံမြက်စည်းတရှဲရှဲ လှည်းနေပြီဆို ဝရံတာမှာ မင်းကို တွေ့ရတော့တာ။ အဲဒီတုန်းကတော့ တစ်ချိန်မှာ မင်းဟာ ငါ့ဇနီးဖြစ်လာလိမ့်မယ်လို့ ဘယ်တွေးခဲ့မိမှာလဲ။ မင်းက ဝရံတာမှာ ရှိနေတာ။ ငါက အိမ်ရှေ့လမ်းမှာ တံမြက်စည်းလှည်းနေတာ။ လကုန်ရင် ငါတို့ မိသားစုမှာ မင်းကိုပေးဖို့ အိမ်လခအဆင်မပြေဘူး။ ဒါကို မင်းက မငြိုငြင်ခဲ့ဘူးလေ။ လကုန်ပြီးနောက်ရက်တွေမှာ ငါတို့မိသားစု အိမ်သုံးစရိတ် အဆင်မပြေဘူး။ ဒါကို မင်းက လိုအပ်တဲ့ ပိုက်ဆံထုတ်ပေးခဲ့တယ်။ ဒါ ဒီအကြောင်းတွေ စဉ်းစားမိတိုင်း မင်းနာမည်ရေးထိုးထားတဲ့ ဘူတာမှာ ဆိုက်ရောက်လာတဲ့ ရထားတစ်စင်းလို ကိုယ့်ကိုယ်ကိုယ် ထင်မိပြန်ပေါ့။ ငါ ဘာတွေပြောပြော၊ ငါ ဘာတွေလုပ်လုပ်၊ ငါ ဘယ်တွေ ရောက်ရောက် နောက်ဆုံးမှာ ငါ ပြန်လည်ဆိုက်ရောက်ရမှာ မင်းနာမည်ရေးထိုးထားတဲ့ ဘူတာပါပဲ။ မင်း မွေးဖွားကြီးပြင်းတဲ့ ရှမ်းပြည်နယ်ကို အလည်တစ်ခေါက် ငါ့ကိုခေါ်သွားတော့ ငါဟာ မင်းရဲ့ခင်ပွန်း ဖြစ်နေခဲ့ပြီ။ မင်းက ငါ့အဝတ်အစားတွေကို လျှော်ပေးတယ်။ မင်းက ငါစားဖို့ ထမင်း ဟင်း ချက်ပေးတယ်။ ဆောင်းရက်တွေဆို မင်းရဲ့ အနွေးထည်ကို ငါက ဝတ်လို့။ မင်းရဲ့ အိပ်ယာမှာ ငါအိပ်ပျော်နေချိန် မင်းက နိုးထလို့ အိမ်ရှင်မတစ်ယောက်ရဲ့ အလုပ်တွေ လုပ်လို့။ မင်းရဲ့ နံနက်ခင်းတွေပါပဲ။ မင်းရဲ့ နေ့လယ်ခင်းတွေပါပဲ။ မင်းရဲ့ နေဝင်ချိန် ညနေခင်းတွေပါပဲ။ မင်းရဲ့ ညတွေ၊ မင်းရဲ့ သန်းခေါင်ယံတွေလေ။ ငါက ငါဖတ်ဖူးထားတဲ့ ခွန်ဆံလောနဲ့ နန်းဦးပြင်တို့ရဲ့ အမည်

mgyoe.com

mgyoe.com SAMPLE BOOK

နာမကိုပြောပြတော့ မင်းငြိမ်ငြိမ်သက်သက် နားထောင်နေခဲ့တယ်။ မင်းက ငါ့ကို ပြောပြခဲ့ဖူးတာတွေ တဖြည်းဖြည်း ပြန်စဉ်းစားမိတယ်။ ရထားက ဒီဘူတာမှာ ညအိပ်တယ်။ အလွန်ရှည်လျားတဲ့ ညတာကြီးလေ။ မိုးကောင်းကင်က ကြဲချလိုက်တဲ့ အိပ်မက်တွေဟာ ရထားကြီးတစ်စင်းနဲ့ အပြည့်ပါပဲ။ ကြယ်ပွင့်သေးသေးကလေးတွေက တဖျပ်ဖျပ်နဲ့ လက်လို့၊ ညထဲ မိုးတိမ်တွေက ငုံ့ကြည့်ရင်း တဖြည်းဖြည်းရွေ့လို့။ အေးစက်ရှည်လျားတဲ့ သံလမ်းဟာ ကမ္ဘာ့အဆုံးထိကိုပါ။ ငါဟာ မင်းရဲ့ချစ်မေတ္တာကို ရခဲ့တယ်။ ငါဟာ ဆောင်းညထဲမှာ အိပ်ပျော်သွားတော့ မင်းက စောင်ပါးလေးတစ်ထည် လွှမ်းခြုံပေးခဲ့တာ။ ရေနွေးကရားအိုးက တရှိုရှိုမြည်တယ်။ မီးဖိုပေါ်မှာ မင်းတည်ခဲ့တာ။ မတ်ခွက်ထဲမှာ လက်ဖက်ခြောက်ခပ်လို့ နိုးလာရင် ငါ ရေနွေးတစ်ခွက် သောက်ဖို့ပင်။ သိပ်မကြာခင်မှာ နွေးဦးပေါက်လာတော့မှာ။ မင်းကွယ်လွန်ခဲ့တာ ဖေဖော်ဝါရီ (၃)၊ အိမ်ရှေ့က ဗာဒံပင်ဟာ နီကျင်ကျင် သစ်ရွက်တွေ ခြွေချတုန်းလေ။ အိမ်ရှေ့က မြောင်းကူးတံတားကလေးပေါ်မှာရပ်လို့ ငါ မင်းဈေးထဲကနေ ခြင်းတောင်းဆွဲလို့ ပြန်လာတော့မလား ထင်မိတာ။ အိမ်အောက်မှာ ငြိမ်သက်လို့ စာရေးနေမိတာ။ မင်းအိမ်ပေါ်မှာ အင်္ကျီတွေ မီးပူထိုးနေမလားလို့ ထင်မိတာ။ လမ်းဘေးကဖေးဆိုင်မှာ ထိုင်လို့ ငါဒီအချိန်ဆို အိမ်မှာ မင်း မုန်ညင်းစောနေမလား ထင်မိတာ။ ညအခါ တစ်ယောက်တည်း အိပ်ရာမှာ ငါလဲလျောင်းစဉ် မင်း မြောက်ပိုင်းရှမ်းပြည် နမ့်ခမ်းကို ပြန်သွားတယ်လို့ထင်မိတာ။ ငါ အမှတ်ရဆဲပါ။ မင်း အင်္ကျီဟောင်းကလေးကကိုယ်သင်းနံ့ကို ရမိတာ။ မင်းမရှိတော့တဲ့နောက်မှာ မင်းကို သတိရလွမ်းဆွတ်မိတဲ့ နှစ်တွေများစွာ ။

၂၄. ၁. ၂၀၁၇။

mgyoe.com

mgyoe.com SAMPLE BOOK

## ညဥ့်ယံမှတ်စုများ

အလုပ်ထဲမှ အိမ်ကိုပြန်ရောက်တော့ အချိန်မှာ သန်းခေါင် သန်းနွဲတိုင်ခဲ့ပြီ။ ညဥ့်ယံထဲမှ ကတ္တရာလမ်းမကြီးမှာ တိတ်ဆိတ်နေသည်။ ကတ္တရာလမ်းမကြီးဘေး တစ်ဖက်တစ်ချက်၌ လမ်းမီးတိုင်များက မှတ်မှတ်ရပ်ကာ လျှပ်စစ်မီးရောင်များ ထွန်းလင်းနေသည်။ လမ်းဘေးခွေးတစ်ကောင်က ညဥ့်ယံထဲ လျှပ်စစ်မီးရောင် အောက်မှာ လျှောက်သွားနေသည်။ ကျွန်တော်ရောက်ရှိနေသည်မှာ လမ်း(၈၀) ထက် ဖြစ်သည်။ သန်းခေါင်ယံကို ကျော်လွန်ခဲ့ပြီ ဖြစ်သဖြင့် ညဥ့်မိုးကောင်းကင်ထဲမှာ ကြယ်တွေတောက်ပနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ အလုပ်ခန်းကလေးမှာ ကျန်ရစ်ခဲ့ပြီ။ ညကတစ်ညလုံး ကျွန်တော်သည် အလုပ်ခန်းကလေးထဲမှာ စာတွေဖတ်နေခဲ့ရသည်။ သန်းခေါင်ယံကိုလွန်၍ ညဥ့်(၂)နာရီ ထိုးသောအခါ ကျွန်တော်တို့ အလုပ်မှာ ပြီးစီးသွားခဲ့ပြီ။ ကျွန်တော်သည် စက်ဘီးကလေးကို နင်းကာ လမ်း(၈၀)အတိုင်း မြောက်ဘက်သို့ ထွက်ခွာလာခဲ့သည်။ သည် မြောက်ဘက်ထဲမှာ ကျွန်တော့်အိမ်ဂေဟာကလေး ရှိပါသည်။ ညဥ့်ယံထဲ၌ လူသူအသွားအလာမှာ ရှင်းလင်းနေသည်။ ကျွန်တော် သည် မြောက်ဘက်စူးစူးအတိုင်း စက်ဘီးကိုနင်းလာခဲ့သည်။ ညဥ့်

mgyoe.com

mgyoe.com SAMPLE BOOK

လေပြေအေးက ကတ္တရာလမ်းမပေါ်မှာ တိုးဝှေ့တိုက်ခတ်လာနေသည်။ တိုက်တာ၊ အိမ်ခြေအဆောက်အအုံများက ညဥ့်ယံထဲ၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေကြဟန် ရှိသည်။ ကျွန်တော်သည် စက်ဘီးကို ဖြည်းဖြည်းနှင့်မှန်မှန် နင်းလာခဲ့သည်။ ညဥ့်လေပြေက တအေးအေး စက်ဘီးကလေးက တဖြည်းဖြည်း။ လမ်းဘေးရှိ မီးကင်းတဲတစ်ခုမှ ကင်းသမားသည် နာရီမှတ် အချက်ပေးသံချောင်းကို ခေါက်လိုက်သည်။ လမ်းဘေးက အမှောင်ရိပ်ထဲသို့ ခွေးတစ်ကောင် တိုးဝင်သွားသည်။ ညဥ့်ယံသည် တိတ်ဆိတ်မြဲတိတ်ဆိတ်လျက်၊ ညဥ့်လေပြေသည် အေးမြဲအေးလျက်။ လမ်း(၈၀)အတိုင်း မြောက်ဘက်ထဲသို့ နင်းလာခဲ့ရင်း တစ်နေရာအရောက်တွင် လမ်းဘေးဗာဒံပင်အောက်မှ လူရိပ်သဏ္ဌာန်တစ်ခု ထွက်လာကာ ကျွန်တော့်စက်ဘီးအနီးသို့ ရောက်လာသည်။

"ဒီမှာ .. ဒီမှာ .."

ကျွန်တော် စက်ဘီးကို ဘရိတ်ဆွဲကာ အရှိန်လျှော့လိုက်သည်။

"ကျွန်မ လမ်းကြုံလိုက်ချင်လို့ပါ"

အမျိုးသမီးတစ်ယောက် ဖြစ်နေသည်။ အသက်အရွယ်မှာ (၃၀) ကျော် (၄၀)ဝန်းကျင် ဖြစ်လိမ့်မည်။ သူမသည် ဒီလိုညကြီးအချိန်မတော်မှာ ကျွန်တော့်စက်ဘီးကို တားကာ လမ်းကြုံလိုက်ပါရစေဟု ဆိုနေသည်။

"ကဲ ... ဘယ်ကို လိုက်မှာလဲ"

သူမက အနောက်ဘက်ထဲသို့ လက်ညှိုးထိုးပြကာ

"အဲဒီဘက်ကို လမ်းကြုံလိုက်ချင်တာပါ"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်သည် အမျိုးသမီးကို ကြည့်ကာ ရေငတ်သလို ဖြစ်လာသည်။ ညဥ့်ယံက တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။ အမျိုးသမီးထံမှ နောက်ထပ် ဘာသံမျှ မကြားရ။ ကျွန်တော်သည် ညဥ့်ယံထဲရှိ လမ်းပေါ်မှ ပုံပြင်များကို ကြားဖူးပါသည်။ ညဥ့်ယံပုံပြင်များ၏ တိမ်းမူးဖွယ်ကောင်းပုံများကို စဉ်းစားကြည့်နိုင်ပါသည်။ လမ်းဘေး ဓာတ်တိုင်မှ လျှပ်စစ်မီးရောင်ထဲ၌ အမျိုးသမီး၏ ပုံသဏ္ဌာန်မှာ ကျွန်တော့်ကို ရေငတ်သလို ဖြစ်စေပြန်ပါသည်။

"ဘယ်လိုလဲ. . . လိုက်လို့ရမလား"

အမျိုးသမီးက ကျွန်တော့်ကို မေးခွန်းတစ်ခု မေးလိုက်သည်။

"လမ်းမကြုံဘူး . . . အဲဒီဘက်ကို မရောက်ဘူး"

ကျွန်တော်သည် စက်ဘီးကလေးကို နင်းကာ ထွက်ခွာလာခဲ့ပါသည်။ ညဥ့်ယံထဲ၌ အမျိုးသမီးတစ်ယောက်သည် ကတ္တရာလမ်းမပေါ်မှာ ကျန်ရစ်ခဲ့ပါသည်။ ကျွန်တော်သည် အိမ်ဂေဟာလေးတစ်ခုရှိရာသို့ ဦးတည်ကာ စက်ဘီးကို ခပ်သွက်သွက် နင်းလာခဲ့ပါသည်။ သည်အိမ်ဂေဟာကလေးထဲမှာ ကျွန်တော့်ကလေးတွေ ရှိသည်။ သူတို့ အိပ်မောကျနေပေရော့မည်။ ကုန်လွန်ခဲ့သော နှစ်များကပင် သူတို့အမေက လူ့လောကကြီးမှ ထွက်ခွာသွားခဲ့ပြီ။ ကျွန်တော်က သူတို့ ခိုကိုးရာဖြစ်သည်။ ညဥ့်ယံထဲမှ အမျိုးသမီးသည် တဖြည်းဖြည်းဝေး၍ ဝေး၍ ကျန်ရစ်ခဲ့သည်။ ကျွန်တော်က ရင်သွေးငယ်တွေရှိရာ အိမ်ဂေဟာကလေးဆီသို့ စက်ဘီးကို ခပ်သုတ်သုတ်နင်းလာခဲ့သည်။ (၂၀၀၃) ခုနှစ်တုန်းကပါ။

၁၁. ၉. ၂၀၁၅

mgyoe.com

mgyoe.com SAMPLE BOOK

## နွေဦးပေါက်အလွမ်း

စက်စဲကိုရောက်တော့ မင်းအိပ်ပျော်နေတုန်း ဟူသော စာတိုတိုကလေးတစ်ပုဒ် ကျွန်တော် ရေးသားခဲ့ဖူးပါသည်။ သိပ်မကြာသေးသောအချိန်က ဖြစ်ပါသည်။ ယခု ရေးသားဖော်ပြမည့်စာစုသည် ထိုစာတိုတိုကလေး၏ အဆက်ဟု မှတ်ယူနိုင်ပါသည်။ ကျွန်တော် ရန်ကုန်မြို့ကို မကြာမြင့်သေးသောအချိန်က ရောက်ခဲ့ပါသည်။ အဖေ့စကားနဲ့ပြောရင် ရန်ကုန်သည် ကျွန်တော့်အတွက် ပိုက်ဆံရသောမြို့ ဖြစ်ပါသည်။ ယခု လက်ရှိအချိန်တွင် ကိုမိုးဝေး၏ နှစ်ကာလများ စာပေမှ စရန်ငွေ ၁၂ သိန်း၊ ငါတို့စာပေ ကိုမြေမှုန်လွင် ထံမှ စရန်ငွေ ၁၀ သိန်း ယူထားပါသည်။ ကျော်မွေးစာပေ ကိုစိုင်းဝင်းမြင့်ကလည်း သူကြိုက်သောစာအုပ် ဒုတိယအကြိမ် ရိုက်ဖို့ စာမူပေးလိုက်ပါ စရန်ငွေပေးမည်ဟုလည်း ပြောနေပါသည်။ သူတို့လည်း အကျိုးရှိ၊ ကျွန်တော်လည်း စာမူခရ ဆိုသော ဟန်ကျပန်ကျ အခြေအနေမှာ ကျွန်တော့်ကို မြန်မာစာသင်ပေးခဲ့သည့် ဆရာ၊ ဆရာမများကို အမှတ်ရ

mgyoe.com

mgyoe.com SAMPLE BOOK

မိပါသည်။ ကျွန်တော် ၁၁ နှစ်သားအရွယ်၊ ၆ တန်း တက်နေတုန်းက ကျွန်တော့်စာစီစာကုံးကိုဖတ်ပြီး ဆရာဦးထွန်းအောင်ကျော်က "မင်း ကြီးလာရင် စာရေးဆရာ ဖြစ်မှာကွ" ဟု ပြောခဲ့သည်။ အဲဒီဆရာကို သတိရဆုံးပါပဲ။

ကဲ . . ရေးလိုရင်းကို စတင်ပါမည်။ သာကေတကိုရောက် တော့ မောင်က ခေါင်းဖြီးနေတာလေ။(သာကေတကို ကဗျာထဲမှာ လည်း ကျွန်ုပ်တော် ထည့်ရေးဖူး၏။ ခရီးသွားလက်မှတ်တွေက ကိုပင် ဟောဂင်၊ ဆန်ဖရန်စစ္စကို၊ ဂျိုဟာနစ္စဘတ်၊ သာကေတနဲ့ ငရဲပြည် ကနေ ကောင်းကင်ဘုံထိတောင် သွားနိုင်တယ်ဆိုပဲ။ ကျွန်ုပ် ဆိုက် ရောက်ခြင်း၊ စာ-၆၇၊ ကဗျာဆရာ ဝံပုလွေ ခေတ်ပေါ်ကဗျာ၊ TK Publishing House၊ (ဒုတိယအကြိမ်) မြန်မာဘာသာစကား၌ လုံး ကောက် အဓိပ္ပာယ်တစ်ခုစီ ရှိနေပုံကို အသုံးပြုထားခြင်း ဖြစ်ပါသည်။ ဒေါပုံရောက်တော့ မောင်တို့ စကားများ ရန်ဖြစ်ကြတယ်၊ မှတ်မိလား။ (ဤစာသားတိုကလေးမှာ အရင်းအနှီး ကြီးလှပါသည်။ မမျှော်လင့် ဘဲ သမီးကလေး ရောက်ခဲ့သောနေရာ၊ ကျွန်တော့် သမီးကလေးကို ကြည့်ရှုစောင့်ရှောက်ခဲ့သောနေရာ ဖြစ်ပါသည်။)

ရန်ကင်းရောက်တော့ မောင်တို့ ပြန်ခေါ်ကြတယ်လေ။ "အ ဖျောက်" ကို ရောက်တော့ မင်းရဲ့ ပိုက်ဆံအိတ် ကျပျောက်သွားတာ။ ဒုက္ခပါပဲ။ "ကျုံမငေး" မြို့ထဲကို ဝင်တော့ လူကို ဘာလို့ ဒီလောက် တောင် စိုက်ကြည့်နေရတာလဲလို့ ပြောတာ မှတ်မိသေးလား။ "ကျုံ ပျော်" မှာ မောင်တို့နှစ်ယောက် ခရီးစဉ်အသစ်တွေ စိတ်ကူးကြတယ်။ (ကျွန်တော့်ကို ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းတိုက်ပိုင်ရှင် ဦးချစ်မောင် အဝကျွန်းက မန္တလေးသား စာရေးဆရာတစ်ယောက်ကို ဒီကောင်

mgyoe.com

mgyoe.com SAMPLE BOOK

ကျုံပျော်လေ .သိတယ်ကွ။ နောက်ပြန်ထော်နေတယ်လို့ ထည့်ရေးတယ်ဟု ဆိုဖူးသည်။) ကျုံဒိုးရောက်တော့ ခရီးသည်တင်ကား မရလို့ ကုန်တင်ကားကြီးနဲ့ လိုက်ခဲ့ကြရတာ။ (စင်စစ် "ကျုံဒိုး" သည် ကဗျာဆရာ နေမော်ဟိန်း ခေါ် ကိုတိုးကြီး၏မြို့ ဖြစ်သည်။ သူသည် ကျွန်တော်တို့ လူငယ်ဘဝ ကဖေးဆိုင်ညများမှ ညဉ့်နက်၍ လူစုခွဲချိန်တွင် ကဲဟော့. . . ကိုယ်တော့ "ကျုံဒိုး" ပဲဟု ဆိုကာ ခြေကျင်ဖြစ်စေ၊ စက်ဘီးလမ်းကြုံနှင့်ဖြစ်စေ ကြုံသလို ပြန်သွားတတ်သူ ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သူ့အိမ်သို့မူ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်သည်သာ။) "ရေတာရှည်" ကို ရောက်တော့ မောင်တို့နှစ်ယောက် ရှေ့ဆက် လက်တွဲကြမယ့် အစီအစဉ်တွေ ပြောဖြစ်ကြတယ်။ "ဖားအံ" ကို ရောက်တော့ မင်း ဒီနေ့ သိပ်လှနေပါလားလို့ မောင်က ပြောခဲ့တာ မင်းက ရယ်တယ်လေ။ (ညနေခင်း ဆည်းဆာအချိန်သည် အကျည်းတန်သူများကိုပင် လှစေသည်ဟု အဆိုရှိ၏။ ယင်းအဆိုမှာ မှန်ကန်ပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် ဖားအံကို မနက်စောစောမှာ ရောက်သွားကြခြင်း ဖြစ်ပါသည်။)

"မိန်းမလှကျွန်း" ကို ဝင်တော့ ဒီနေရာဟာ တစ်ချိန်က မင်းရဲ့ဇာတိ ဖြစ်မှာလို့ မောင်က ပြောခဲ့တာ။ (ဤအရေးအသား မရောက်မီ ဦးစွာစိတ်ကူးမိပုံကို ပြောလိုပါသည်။ စာရေးတစ်ယောက်က အချက်အလက်များ လိုက်လံရေးမှတ်နေပုံ၊ ထိုသို့ ရေးမှတ်နေရင်း "နေရပ်လိပ်စာပြော" "မိန်းမလှကျွန်း" ထိုအခါ စာရေးက မော့ကြည့်လိုက်ရာ အမျိုးသမီးပုံစံကို ကာတွန်းလက်ရာက မညာမတာ အရုပ်ဆိုးဆိုးရေးထားသည်ကို မြင်ရဟန်ပင် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော့် ကာတွန်းစိတ်ကူးကို အဆိုတော် ကိုလွှမ်းမိုး၏ "မိန်းမလှကျွန်းလို့

mgyoe.com

mgyoe.com SAMPLE BOOK

ခေါ်မယ်ကွာ၊ သူတို့မြို့က နေရာကလေး" ဟူသော သီချင်းက အနိုင်ရသွားပါသည်။ မိန်းမလှတစ်ယောက်ကို ကျွန်တော်မြင်ဖူးကြောင်း ကျိန်တွယ်၍ ပြောဝံ့ပါသည်။) ကျွန်တော့်ကို လွှမ်းမိုးထားသည်က စက်စဲကိုရောက်တော့ မင်း အိပ်ပျော်နေတုန်း ဟူသော စာသားဖြစ်ပါသည်။ (ရှေးသီချင်းများတွင် စက်လည်း ပျော်ပါနိုင် ဟူသော အဖွဲ့အနွဲ့ ရှိသည်။ ဒါပေမဲ့ စက်စဲကိုရောက်တော့ မင်းအိပ်ပျော်နေတုန်းပါကွယ်။ ခန်းစက်ရာ ဟူသော အရေးအသားလည်း ရှိသည်။ ဝီလျံဘလိတ်ရဲ့ ဖျားတဲ့နှင်းဆီ ကဗျာထဲမှာ ခန်းစက်ရာကို ကျွန်တော်တွေ့ခဲ့သည်။ ကဗျာကို ဖော်ပြပါမည်။ ရှုပါ။ ဖျားနေသလားကွဲ့ အိုဘယ့်နှင်းဆီ။ တညည်းညည်းတညူညူနဲ့ မုန်တိုင်းရဲ့ အသံကြားပျံ့သန်းလာတဲ့ ပိုးကောင် နီမောင်းတဲ့ပျော်ရွှင်ဖွယ် မင်းစက်ရာခန်းကိုတွေ့တော့ သူ့ရဲ့ မည်းမှောင်လျှို့ဝှက်တဲ့အချစ်နဲ့ မင်းဘဝကို ဖျက်ခဲ့လေရဲ့။ ယင်းကဗျာထဲတွင် စက်ရာခန်းကို ဖော်ပြထား၏။ ဒါပေမဲ့ အချစ်ရယ် စက်စဲကိုရောက်တော့ မင်းအိပ်ပျော်နေဆဲပါကွယ်။) ကျွန်တော်သည် မြို့အမည်များကို လုံးကောက်အဓိပ္ပာယ်နှင့် မွေ့လျော်ကြည့်နေမိပါသည်။ ထိုအခါ အချို့သော အမည်များက အံ့သြဖွယ် အစုံလိုက် အစုံလိုက်ရှိနေသည်ကို တွေ့လာရပါသည်။ "ဟဲဟိုး" ကို ရောက်တော့ မောင်တို့ ခဏနားပြီး အမောဖြေကြတယ်။ အဝေးကြီးက လာရတာဆိုတော့ ပင်ပန်းတယ်လေ။အဲဒီနောက် "ဟိုပုန်း" ကို မောင်တို့နှစ်ယောက် တိတ်တိတ်ကလေး ရောက်လာပြီး ဘယ်သူမှ မသိအောင် အခန်းထဲမှာပဲ ငြိမ်သက်နေခဲ့ကြတယ်။ (ဤနေရာတွင် ကျွန်တော် ရိုသေလေးစားသော အနုပညာရှင်ကြီးတစ်ဦးဖြစ်သူ မြို့မငြိမ်း၏ လက်သုံးစကားလေး တစ်ခုကို ဆက်စပ်ဖော်ပြလို

mgyoe.com

mgyoe.com SAMPLE BOOK

ပါသည်။ "ပုန်းနေပေမယ့် ရှာမယ့်သူမရှိရင် နာတယ်" ဟူသော စကားရပ်ဖြစ်ပါသည်။ ကျွန်တော့်မှာ စိတ်ကူးတချို့ရှိပါသည်။ ယင်းကို မှတ်စုတိုမှ ကူးယူဖော်ပြရလျှင် ခင်ဝမ်းကို ထိန်းကျောင်းနိုင်ခဲ့ရင် ငါတို့ မန္တလေးဆောင်းကို သီချင်းလုပ် ဆိုနိုင်ပေလိမ့်မယ်။ တာရာမင်းဝေကို ထိန်းကျောင်းနိုင်ခဲ့ရင် ငါတို့ မိုးခေါင်လို့ တီးတဲ့ ဗုံသံမှာ ကခုန်မြူးထူးကြတာ တွေ့ရပေလိမ့်မယ်။ မောင်ချောနွယ်ကို ငါတို့ ထိန်းကျောင်းနိုင်ခဲ့ရင် မဟူရာကိုကိုဟာ တောက်ပတဲ့ အလင်းနဲ့ ကဗျာတစ်ပုဒ်ရဲ့ ခရီးစဉ်ကို ဆက်လက်မောင်းနှင်နိုင်ပေလိမ့်မယ်။ မြို့မငြိမ်းကို ထိန်းကျောင်းနိုင်ခဲ့ရင် ငါတို့ ဩခက်စတြာသံစုံတီးဝိုင်းထဲက လူးလွန့်လာမယ့် တေးတစ်စ ပျံ့မျှစ်တဲ့ရသလို ခံစားရနိုင်ပေလိမ့်မယ်။ မော့စ်ကို ငါတို့ ထိန်းကျောင်းနိုင်ခဲ့ရင် ပြာလွဲလွဲအသံနဲ့ရယ်သံတွေ ဖန်တီးနိုင်ပေလိမ့်မယ့်။ အနုပညာရှင်တချို့၏ ဘဝကို စေ့ငုကြည့်မိပါ၏။)

"မိုးကောင်း" ကို ရောက်တော့ မောင်တို့နှစ်ယောက် မိုးသဲသဲမဲမဲထဲမှာ ထီးကလေးတစ်ချောင်းနဲ့။ ဒဂုန်တာရာက မိုးရွာထဲ လမ်းလျှောက်ခြင်း ကဗျာကို ရေးခဲ့တယ်။ မိုးသဲသဲမဲမဲထဲ လမ်းလျှောက်ကြမယ်ကွယ်. ဘယ်နှယ့်လဲ။ နှုတ်ခမ်းတွေ ပြာနှမ်းလာတဲ့အထိ၊ လက်ချောင်းတွေ ပဲကြီးအရေခွံလို ရှုံ့တွန့်လာတဲ့အထိ။ "မိုးနဲ့" ကို ရောက်တော့ မိုးမရွာတာ ကြာပြီတဲ့။ ရွာလည်း နည်းနည်းပါတဲ့။ ကဲ. . . ဘယ်လို လုပ်မလဲ။ (စင်စစ် ကျွန်တော်သည် မိုးနည်းရပ်ဝန်းဒေသကို ငယ်စဉ်က ကျောင်းသင်ခန်းစာများတွင် သင်ယူခဲ့ဖူးသူ ဖြစ်ပါသည်။ မိုးနည်းရပ်ဝန်းဒေသ၏ မိုးရေချိန်လက်မ။ သဘာဝပေါက်ပင်၊ မြေဆီလွှာ စသည်တို့ကို ဆရာက ရှင်းပြပါသည်။ ထိုစဉ်ကပင် မိုးနည်းရပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဝန်းဒေသဟူသော အသုံးအနှုန်းကို မှတ်မိနေခဲ့ပါသည်။ တစ်နှစ်ပတ်လုံးမှ မိုးတစ်ကြိမ်လောက် ရွာရုံနှင့် အသက်ရှင်နိုင်သော ကန္တာရဆူးကြမ်းပင်ကလေးအကြောင်းကို ရေးဖူးပါသည်။ မိုးနည်းရပ်ဝန်းဒေသတွင် ပေါက်ရောက်သောအပင်များကို ပိုင်စိုးဝေက သူ၏ကဗျာဖြင့် ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။ တမာ၊ ထနောင်း၊ ရှားစောင်း၊ ပြည်သဒ်၊ သန်း၊ ဒဟတ်တွေနဲ့. . .။) "မြစ်ကြီးနား" ကို ရောက်တော့ မောင်တို့နှစ်ယောက် မြစ်ကြီးအနားမှာ ခြေပစ်လက်ပစ်ထိုင်ပြီး အေးအေးလူလူ အနားယူခဲ့ကြတယ်။ (ကျွန်တော် မြစ်ကြီးနာကို နှစ်သက်သဘောကျသည်။ အထူးသဖြင့် မြစ်ကြီးတစ်စင်း၏ အနီးအနားတွင် ရှိနေသော မြို့ကို မြစ်ကြီးနားဟု မှည့်ထားပုံပင် ဖြစ်သည်။) ကျွန်တော်တို့ခေတ်ရဲ့ အဆိုတော် ကိုလွှမ်းမိုးသီဆိုခဲ့သလို မြန်မာပြည်အနှံ့လျှောက်လို့သာ ဂစ်တာကလေး ပိုက်လို့သာ ရောက်ခဲ့ဖူးတဲ့ မြို့တွေမှာ အညာသားကလေး ကျွန်တော်ပါ. . . ဟု ဆိုရပေတော့မည်။ "မူဆယ်" ကို ရောက်တော့ ကိုယ်တို့အခန်းထဲမှာ ကိုးမီးနဲ့ ဘူကြီးကစားကြတာ မင်းပဲ အမြဲအနိုင်ရတာ။ (ဤနေရာတွင် ကျွန်တော့်ဇနီး မဝင်းမေ၏ သဘောသဘာဝတစ်ခုကို ပြောပြလိုပါသည်။ သူမနှင့်ကျွန်တော် ရည်ငံနေကြချိန် ဖဲရိုက်တတ်အောင် ကျွန်တော့်ကို နည်းစနစ်များ ပြောပြခဲ့သော်လည်း သူ့မှာ ဖဲထုပ်ရှိတယ်ဗျ။) အိမ်ထောင်သည်ဘဝ ကျွန်တော်နှင့် အကြောင်းပါပြီး နောက်နောင်ဘယ်တော့မှ ဖဲမကစားတော့ခြင်းပင် ဖြစ်ပါသည်။(ဤကားစကားချပ်) "နမ့်ခမ်း" ရောက်တော့ မင်းက မောင့်ကို နှုတ်ခမ်းမှာလက်ညှိုးထောင်ပြပြီး ရှူး. . . တိုးတိုးတဲ့။ (မဝင်းမေသည် ကျွန်တော့်ကို နမ်းခမ်းမြို့ကလေးဆီ ခေါ်သွားပါ၏။ သူ့အစ်မကြီးအိမ်မှာ ကျွန်

mgyoe.com

mgyoe.com
SAMPLE BOOK

တော်တို့ရောက်တော့ အစ်မကြီး ဈေးရောင်းတဲ့မုန့်တွေ၊ အအေးပုလင်းတွေကို လက်ညှိုးညွှန်ပြပြီး မင်း ယူသောက်လေတဲ့။)

ကျွန်တော်တို့၏ နေ့စဉ်ဘဝကို အက္ခရာတွေနဲ့ ပိုမိုကောင်းမွန်လာအောင် မွမ်းမံကြည့်ခြင်းပါပဲ။ တိတ်ဆိတ်တဲ့ ပျော်ရွှင်ပါပဲ။ စာရေးသူတစ်ယောက်ရဲ့ ဓလေ့ထုံးစံပါပဲ။ နွေဦးပေါက် အလွမ်းပါပဲ။

၂၂-၂-၂၀၂၀
၀၀း၂၀ နာရီ

mgyoe.com

mgyoe.com SAMPLE BOOK

နွေရက်များကို ဖတ်ရှုခြင်း

ညဥ့်ပုံပြင်

အိပ်ရာဝင်ချိန် ညဥ့်ကိုရောက်တော့
ပုံပြင်တစ်ပုဒ် ပြောပြပါ၊
နားထောင်စမ်းကွာ သမီးလေးရဲ့
ဟိုးရှေးရှေးက ဗာရာဏသီမှာ ၊
ဗြဟ္မဒတ်မင်းဟာ ဆင်ကိုစီးလို့
မြို့ကြီးတော့ရွာ လှည့်လည်တာ၊
သူဆင်းရဲခမျာ တဲအိမ်ရှေ့က
မြင်တွေ့ရပေါ့ ဖူးမြင်ရှာ၊
သူ့ဇနီးဟာ မောင်းကိုထောင်း
ဂျက်ကလိန်ဂျောင်းလို့ မြည်နေတာ၊
ရှေးအခါ . . . ရှေးအခါ. . . ။

၂၄၊၃၊၂၀၀၈။

ကျွန်တော် ထုတ်ဝေသူတစ်ယောက်အတွက် စာအုပ်ငယ်

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတစ်အုပ်ရေးနေသည်မှာ ယနေ့ ပြီးသွားသည်။ စာအုပ်ငယ်ကလေးမှာ ကလေးကဗျာ ၁၅ ပုဒ် ပါဝင်သော ဆေးရောင်စုံစာအုပ်ဖြစ်သည်။ ထိုစာအုပ်ကလေးထဲတွင် ကဗျာငယ်ကလေးများနှင့်အတူဖော်ပြနိုင်ရန် ရောင်စုံသရုပ်ဖော်ပန်းချီပုံကလေးများ ရေးဆွဲရန် ကျန်ရှိနေပါသည်။ ကျွန်တော်သည် ကဗျာသရုပ်ဖော်ပန်းချီရေးဆွဲရခြင်းကို ခုံမင်နှစ်သက်လှသူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော့် ထုတ်ဝေသူမှာ လူငယ်စာပေကို စိတ်ဝင်စားနေသူ ဖြစ်သည်။ သူ၏ တိုက်တွန်းနှိုးဆော်မှုဖြင့် ကလေးများအတွက် စာအုပ်ငယ်နှစ်အုပ်၊ သုံးအုပ်ခန့်မျှ ကျွန်တော်ရေးသားခဲ့ပြီး သူက ထုတ်ဝေပေးခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သော ကလေးကဗျာတစ်ပုဒ်မှာ ကျွန်တော့်သမီးကို လွမ်းဆွတ်သဖြင့် ရေးခဲ့မိခြင်း ဖြစ်ပါသည်။ သမီးကလေးသည် နှစ်တန်းကျောင်းသူ အရွယ်ကပင် မိခင်မရှိတော့ဘဲ ကြီးပြင်းလာခဲ့သူ ဖြစ်သည်။ သမီးကလေးသည် ကျွန်တော်နှင့် တူညီသည်များ ရှိပါသည်။ သူသည် ဘွဲ့တစ်ခုကို ရရှိခဲ့ပြီး စာပေနှင့် အနုပညာနယ်ပယ်တွင် ကျင်လည်နေပါသည်။ အထက်တွင် ဖော်ပြခဲ့သော ကဗျာထဲ၌ 'သူဆင်းရဲခမျာ တဲအိမ်ရှေ့က မြင်တွေ့ရပေါ့ ဖူးမြင်ရှာ' ဟူသော စာကြောင်းများသည် ကျွန်တော်၏ လက်တွေ့ရှင်သန်နေသော လူမှုဘဝကို ထင်ဟပ်နေသည်ဟု ဆိုပါလျှင် 'သူ့ဇနီးဟာ မောင်းကိုထောင်း ဂျက်ကလိန်ကျောင်းလို့ မြည်နေတာ' ဟူသော စာကြောင်းများသည် သမီးကလေး၏အမေ မဝင်းမေ၏ ပုံရိပ်ပင်ဖြစ်နေပေတော့မည်။

ယခင်တစ်ကြိမ်ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ စာရေးသူသည် သူ၏ဇာတ်ကောင်နေရာသို့ ရောက်ရှိသွားနိုင်သကဲ့သို့ သူ၏

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်ကောင်ကလည်း စာရေးသူ၏ လူမှုဘဝထဲသို့ ဝင်ရောက်လာနိုင်သည်ဟူ၍ ဖြစ်ပါသည်။ သမီးကလေးသည် သူ့ကို ပခုံးထက်ထမ်း၍ သီချင်းဆိုကာ ချော့သိပ်လျှင် မျက်တောင်ကလေးများစင်းကာ ငြိမ်သက်နေတတ်ပါသည်။ သူအိပ်ပြီအထင်နှင့် ကျွန်တော်က ချော့သိပ်နေသောတေးကို ရပ်လိုက်လျှင် သူ့မျက်လုံးကလေးများ ဖျတ်ခနဲပွင့်လာပြီး 'အဖေ. . . ဖားကြီးဆိုပြ၊ အဖေ. . . ကြောင်ကြီးဆိုပြ' စသည်ဖြင့် ပြောတတ်ပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် မိတ္ထီလာကန်တော်အောက်မှာဖားကို သွား၍ ကောက်ရပါတော့သည်။ သမီးတို့အမေသည် ထိုအချိန်တွင် ဂျက်ကလိန်ဂျောင်း၊ ဂျက်ကလိန်ဂျောင်းဟု မောင်းထောင်းမနေပါ။ အကျီ၊ လုံချည်များကို မီးပူထိုးနေပါသည်။ သမီးကလေးကိုချီပိုး၍ လမ်းလျှောက်ရာ ဝရန်တာမှ ကြည့်လိုက်လျှင် ဝိုင်းဝိုင်းစက်စက်ကြီး ထွန်းလင်းနေသော လပြည့်ဝန်းကို မြင်တွေ့ရပါသည်။

**မောင်နှမ**

*သစ်သီးတစ်လုံး စိတ်လိုက်တာ*
*နှစ်စိတ် ရလို့လာ၊*
*ယူပါကိုကို ဒီတစ်စိတ်*
*သမီး ဒီတစ်စိတ်။*
*တစ်စိတ်တစ်ဝမ်း မျှတစွာ*
*စားစို့ ကိုကိုရာ၊*
*မောင်နှမဆိုတာ ဒီလိုပဲ*
*စိတ်ဝမ်း ဘယ်မကွဲ ။*

*၂၃၊ ၃၊ ၂၀၁၈ ။*

mgyoe.com

mgyoe.com SAMPLE BOOK

သမီးကလေးကို သူ့အစ်ကိုက 'ညီမလေး' ဟု ခေါ်သည်။ သမီးကလေးက သူ့အစ်ကိုကို 'ကိုကို' ဟုခေါ်သည်။ နောင်အခါ သူတို့ ကြီးပြင်းလာချိန်တွင် သူ့အစ်ကိုက "အိတုံမ" ဟု ခေါ်သည်။ သမီးကတော့ သူ့အစ်ကိုကို 'ကိုကို' ဟုသာ ခေါ်သည်။ ကျွန်တော်တို့ ငယ်စဉ်က အဖေသည် 'ညီအစ်ကိုဆိုတာ ဒီလိုသာ ကြင်နာပါရဲ့လား' ဟူသော သီချင်းစာသားဖြင့် သူ လူငယ်ဘဝက ဇာတ်ကြောင်းကလေးများ ပြောပြတတ်သည်။ အဖေက ဆိုင်းဆရာတစ်ဦး ဖြစ်သည်။ ဆိုင်းပွဲများ တစ်ပွဲပြီးတစ်ပွဲ တီးမှုတ်ဖျော်ဖြေရာမှ ပြန်ရောက်လာချိန်တွင် ပင်ပန်းသဖြင့် လဲလျောင်းနေချိန်တွင် အဖေ့အစ်ကိုက သူ့ညီကို အထက်ပါ သီချင်းကလေး သီဆို၍ ခြေလက်များကို ဖွဖွဆုပ်နယ်ပေးသည်ဟု ဆိုပါသည်။

အဖေသည် ကျွန်တော်တို့ ညီအစ်ကိုများ ရန်ဖြစ်လျှင် အလွန် စိတ်ဆိုးတတ်သည်။ ငယ်စဉ်က ကျွန်တော့်ဒူးမှာ အနာများ ပေါက်နေချိန် ကျောင်းမလိုက်နိုင်သဖြင့် အိမ်မှာရှိနေစဉ် ညီမလေးက ဖန်ခုန်ချင်သည်ဟု ဆိုသည်။ ဒူးက အနာများနှင့် ကြိတ်မှိတ်ကာ ဖန်ခုန်တမ်း ကစားပေးနေခဲ့ပုံကို မြင်တွေ့ခဲ့သော အဖေက သူ၏ ဒိုင်ယာယီထဲတွင် ထည့်သွင်းရေးသားခဲ့ပါသည်။ မောင်နှင့်နှမတို့၏ စင်ကြယ်သောမေတ္တာသည် ကြိုးမျှင်မျှင်ကလေးနှင့် ခိုင်ခံ့လှပါသည် ဟုလည်း မှတ်ချက်ပြုခဲ့ပါသည်။ ကျွန်တော့်နှမကလေးသည် ကျွန်တော်တို့ မိသားစုရှိရာ အိမ်ကလေးဆီသို့ သူ့အတွက် ရရှိသော ဆန်အိတ်ပိုင်းကလေးကို တင်ကာ စက်ဘီးတစ်စီးဖြင့် ရောက်ရောက်လာတတ်ပါသည်။ သူသည် တစ်ဦးတည်းသော ညီမကလေး ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

**နွေနေ့လယ်ခင်း**

ဗာဒံပင်က သစ်ရွက်တွေ
တစ်ရွက်ပြီးတစ်ရွက်ကြွေ၊
ကိုင်းတံတွေ ကျန်ရစ်ပေါ့
သစ်ရွက်ကြွေက လေမှာဆော့။
နောက်တစ်နေ့ရောက်တော့ မြင်ရတာ
သစ်ရွက်နုကလေးပါ
စိမ်းလို့နေတာ အလှဆုံး
ဗာဒံတစ်ပင်လုံး ။

၂၁ ၊ ၃ ၊ ၂၀၁၈ ။

နွေရက်များ ဖြစ်သည်။ သမီးကလေးဆီသို့ ဖုန်းခေါ်၍မရ။ ကျွန်တော် ဘာမျှ မတတ်နိုင်။ သူ စိတ်ကောက်နေပုံ ရသည်။ သူ တစ်ခါ စိတ်ကောက်လျှင် တစ်ပတ်၊ ၁၀ ရက်ခန့် ကြာတတ်သည်။ ယင်း တစ်ပတ်၊ ၁၀ ရက်မှာ ကြာညောင်းလှပါဘိတောင်း။ နဝမ မြောက်ရက်မှာ သူ့ထံမှ အဆက်အသွယ် ရသည်။ သူ သိချင်သည်များကို မေးမြန်းခြင်းဖြစ်သည်။ သမီးကလေးသည် ငယ်စဉ်ကပင် အမေးအမြန်းထူသူ ဖြစ်သည်။ သူ စိတ်စိတ်ဝင်စားသည်များကို စေ့စေ့စပ်စပ် မေးလေ့ရှိသည်။ သူ မူလတန်းကျောင်းသူအရွယ်က မေးခွန်းတစ်ခု မေးသည်။ 'လင်းပိုင်တွေ ဘယ်မှာ ရှိသလဲအဖေ' ဟု ။ ကျွန်တော်က ဧရာဝတီလင်းပိုင်အကြောင်း နည်းနည်းဖတ်ထားဖူးသ ဖြင့် သူ့ကို ပြောပြနိုင်ခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် ဂျာနယ် တစ်စောင်မှာ စာပြင်အယ်ဒီတာ ဝင်လုပ်နေသော အချိန် ဖြစ်သည်။ ကသာဘက်သို့ ဆန်တက်ရောက်ရှိလာသော လင်းပိုင်တစ်ကောင်ကို

mgyoe.com

mgyoe.com SAMPLE BOOK

သက်ဆိုင်ရာက ကားဖြင့်တင်ကာ (ကားဖြင့် တင်သည်ဟုဆိုရာတွင် ကားပေါ်၌ မိုးကာတာလပတ်ဖြင့် ရေကန့်သဖွယ်ပြုလုပ်ပြီး မြစ်ရေဖြည့်ကာ ထိုလင်းပိုင်ကို တည့်သွင်းတင်ဆောင်၍ မန္တလေးမင်းကွန်းဆိပ်ဘက်သို့ မောင်းနှင်လာခြင်း ဖြစ်သည်။ လင်းပိုင်တို့သည် တစ်ကောင်နှင့်တစ်ကောင် ဝေးလံသောအရပ်မှလည်း ဆက်သွယ်နိုင်ကြသည်ဟူသော အချက်ကို တွေ့ရှိခဲ့ကြသည်။ သယ်ယူလာသော လင်းပိုင် မင်းကွန်းဆိပ်အရောက်တွင် လင်းပိုင်နှစ်ကောင်က ရေထဲမှ ကူးခတ်ကာ စောင့်ကြိုနေသည်ကို တွေ့မြင်ခဲ့ကြရသည်။) ငယ်စဉ်ကတော့ နွေရက်များသည် နွေရာသီကျောင်းပိတ်ချိန်ဖြစ်ရာ ကျွန်တော်တို့သည် ထိုစဉ်က ငှားရမ်းနေသော နှစ်ထပ်အိမ်ကလေးအောက်မြေသားထက် ဖျာခင်းကာ ချွေးသံတရွှဲရွှဲဖြင့် တစ်နေ့ခင်းလုံးအိပ်စက်ကြသည်။ အိမ်ရှေ့က ဗာဒံပင်သည့် သစ်ရွက်များ တဖြုတ်ဖြုတ်ကြွေကျနေလေပြီ။ နောက်ရက်များ၌ ရိုးတံထီးတည်း သစ်ပင်ကိုမြင်ရသည်။ သစ်ရွက်တစ်ရွက်တလေမျှ မရှိတော့။ သို့ရာတွင် သိပ်မကြာမြင့်သော နေ့ရက်များမှာပင် နုနုစိမ်းစိမ်းသစ်ရွက်ကလေးများ အစီအရီ ထွက်လာတော့သည်။ တစ်ပင်လုံးစိမ်း၊ တစ်ပင်လုံးလှ၊ နွေရက်ထဲက ဗာဒံပင်ကလေးပင်။

*ကျောင်းပြန်*
*ခေါင်းလောင်းသံမြည်*
*ကျောင်းဆင်းပြီ*
*အိမ်ကို ပြန်ကြမည်၊*
*နှစ်အလီကို ရတယ်အေ့*
*အလွတ်ဆိုနိုင်ပေ့။*

mgyoe.com

mgyoe.com SAMPLE BOOK

ဟောဟိုရှေ့မှာ မြင်ရတာ
အိမ်ကလေးနှစ်လုံးပါ၊
နှစ်ဂဏန်းနဲ့ အတူတူပဲ
မှတ်ထား အစဉ်မြဲ ။

၂၃ ၊ ၃ ၊ ၂၀၁၈ ။

ကျွန်တော်တို့ မူလတန်းကျောင်းသားအရွယ်က ကျောင်းဆင်းချိန်ရောက်၍ အိမ်ကိုပြန်ကြပြီဆိုလျှင် ကျောင်းရှေ့ရှိဘတ်စ်ကားမှတ်တိုင်မှ အမှတ် ၆ ချက်ဘလက် သစ်သားဘတ်စ်ကားကြီးများကို စောင့်ကာ ပြန်ကြသည်။ ဘတ်စ်ကားက ညနေဆိုလျှင် တော်တော်နှင့်မလာ။ အကြာကြီးစောင့်ဆိုင်းကြရသည်။ ထိုသို့ ကြာမြင့်စွာစောင့်ဆိုင်းသော်လည်း ဘတ်စ်ကား ရောက်မလာလျှင် ကျွန်တော်တို့ညီအစ်ကိုသည် ဘတ်စ်ကားမှတ်တိုင်မှ အိမ်သို့ ခြေကျင်ပြန်ကြတော့သည်။ ကျွန်တော်တို့မှာ အမှတ်အသားတစ်ခု ရှိသည်။ ယင်းမှာ တာရဲတန်း ဓမ္မာရုံ ဖြစ်သည်။ ကျွန်တော်တို့ လမ်းလျှောက်ပြန်ရင်း တာရဲတန်း ဓမ္မာရုံမရောက်မီ ဘတ်စ်ကားရောက်လာလျှင် ရောက်လာသည့် အနီးဆုံးမှတ်တိုင်မှတက်၍ စီးကြသည်။ တာရဲတန်းဓမ္မာရုံလွန်မှ ဘတ်စ်ကားရောက်လာလျှင်တော့ ဘတ်စ်ကားကို မစီးကြတော့ဘဲ အိမ်သို့ခြေကျင်လျှောက် ပြန်ကြတော့သည်။ တာရဲတန်းဓမ္မာရုံသည် ကျောင်းနှင့်အိမ်ခရီး၏ တစ်ဝက်ပင် ဖြစ်သည်။ ကျွန်တော်တို့အတွက် စိတ်လှုပ်ရှားစရာပင် ဖြစ်ပါသည်။ ဤနည်းကို ကျင့်သုံးရင်း ဘတ်စ်ကားခ ငွေအကြွေကို ကျွန်တော်တို့ စုဆောင်းနိုင်ခဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ကျွန်တော်တို့ ညီအစ်ကိုသည် ထိုစဉ်က အိမ်အပြန် လမ်းနံဘေးရှိဆိုင်မှ ပဲငါးပိ ငံပြာရည်ကို ဝယ်ယူလာနိုင်ခဲ့ကြသည်။ အမေက ကျွန်တော်တို့အတွက် ဟင်းတစ်ခွက် ချက်ပေးတော့သည်သာ။

ပူပြင်းသည့် နွေရက်များပင်။ ကျွန်တော် စာရေးစားပွဲမှာ ထိုင်နေရင်း အိုက်စပ်စပ် ဖြစ်လာသည်။ ကဗျာ သရုပ်ဖော်ရေးရန် စိတ်ကူးရသည်။ Drawing ကောင်းကောင်းနှင့် အရောင်ခြယ်ကာ Three Tone Skkill နှင့်ရေးရလျှင် မဆိုး။ ကျွန်တော့်ထုတ်ဝေသူကို သတိရသည်။ ကဗျာစာအုပ်ကို တော်ရုံစိတ်ဝင်စားမှုဖြင့် မထုတ်ဝေနိုင်။ သူ့ကို ထည့်စဉ်းစားသည့်အနေဖြင့် သရုပ်ဖော်ပုံကောင်းကောင်းလေးများ ရေးဆွဲပြီး အပြင်အဆင် သပ်သပ်ရပ်ရပ်၊ ဆွဲဆောင်မှုရှိရှိနှင့်ဆိုလျှင် မဆိုး။ ပူပြင်းသည့်နွေရက်များပင်။ ကိုယ့်ကိုယ်ကိုယ် တည်ဆောက်နေရသည့် နေ့ရက်များပင်။ လွမ်းရသည့် နွေရက်များပါပေ။

Daily Eleven ဧပြီ ၄၊၂၀၁၈။

mgyoe.com

mgyoe.com SAMPLE BOOK

## လူတစ်ယောက်ရဲ့ပုံတူ

လူတစ်ယောက်ရဲ့ ပုံတူကိုရေးတဲ့အခါ အပြင်မှာ အဲဒီလူကို တွေ့ဖူးထားဖို့ လိုပါတယ်။ သုံးကြိမ်လောက်ပေါ့ ၊ မရနိုင်ဘူးဆိုရင်တောင် နှစ်ကြိမ်လောက်။ သူနဲ့ စကားအနည်းငယ် ပြောဖူးရင် အဆင်ပြေတယ်။ ဒါထက် သူ့ဘာတွေ ကြိုက်နှစ်သက်တယ်၊ ဘယ်လိုအလေ့အထရှိတယ်ဆိုတာ သိရင်ဖြင့် ပိုကောင်းတာပေါ့လို့ သူက ရှင်းပြတယ်။ သူက ပန်းချီလက်ရာဆိုင်ရာ ကျွမ်းကျင်သူပါ။ ပန်းချီ မရေးဆွဲတတ်ပေမဲ့ ပန်းချီဆရာတွေရဲ့ စိတ္တဗေဒနဲ့ ရေးဟန်တွေကို ကျွမ်းကျင်သူလို့ ဆိုရမှာပေါ့ ။

သူပြောပြတဲ့ အချက်ထဲမှာ လက်ခံနိုင်ဖွယ်ရှိတာတွေ ပါတယ်။ ပုံတူဆိုတာ လူတစ်ယောက်ရဲ့ ရုပ်ရည်နဲ့ စိတ်နေသဘာဝကို ဖော်ပြတာပဲတဲ့။ ဟတ္ထိနာဂသူကြီးကတော်ပုံတူ မြင်ဖူးလားတဲ့၊ သူက မေးတယ်။ ပုံတူလို့ ပြောရမှာပဲ ၊ လိုင်းနဲ့ရေးထားတာ။ ပန်းချီ မောင်ငွေထွန်းရဲ့ လက်ရာလို့ ပြောတယ်။ ဒီတော့မှ ကျွန်တော်လည်း မှတ်မိတော့တယ်။ အပေါ်ပိုင်း ဗလာကျင်းနေတဲ့ အမျိုးသမီးကြီးရဲ့ ပုံတူပါ။ ကောင်းကောင်းမှတ်မိတာပေါ့လို့ ပြောလိုက်တယ်။ ခင်ဗျား

mgyoe.com

mgyoe.com SAMPLE BOOK

အနေနဲ့ ဇနီးဖြစ်သူရဲ့ ပုံတူကိုရချင်တယ်ဆိုရင် သူနဲ့ ခင်ဗျားဇနီးကို နှစ်ကြိမ်လောက် တွေ့ဆုံပေးသင့်တယ်။ သူက ပုံတူရေးမယ့် ပန်းချီဆရာလေ။

သူတို့ စကားစမြည်နည်းနည်းပြောမယ်။ ဖျော်ရည် ဒါမှမဟုတ် ဝိုင်တစ်ခွက်စီလောက် သောက်ကြပြီး ရင်းနှီးသွားရင် ရပါပြီ။ အဲဒါတော့ ကျွန်တော် မတတ်နိုင်ဘူး။ ကျွန်တော့်ဇနီးက ကွယ်လွန်သွားခဲ့ပြီလေ။ ငါးနှစ်လောက် ရှိပြီ။ နှမျောစရာ ကောင်းလိုက်တာဗျာ။ ဒါပေမဲ့ ခင်ဗျား အလွယ်တကူအလျှော့မပေးဘဲ သူနဲ့တွေ့ဆုံပြီးစကားပြောကြည့်ပါ။ အထူးသဖြင့် ခင်ဗျား မှတ်မိနေတဲ့ ဇနီးအကြောင်းတွေပေါ့၊ သူက အကင်းပါးပါတယ်၊ ပါရမီရှိတဲ့ ပန်းချီဆရာကြီးပါ။ ဒေါက်တာ ဂါးရှေးပုံတူ ခင်ဗျားတွေ့ဖူးလား၊ ဗန်ဂိုး လက်ရာလေ၊ အဲဒီလူတွေက တုန်လှုပ်ဖွယ်ကောင်းအောင် အနုပညာ ကပ်ငြိနေသူတွေပဲ။ ဂေါ်ဂင်ရောပေါ့၊ ပေါလ်ဂေါ်ဂင်လေ။ ချမ်းသာတဲ့ကုန်သည်ဘဝကို စွန့်လွှတ်ပြီး ပန်းချီဆရာဘဝကို ရွေးချယ်ခဲ့တာ။ တဟီဟီကျွန်းဟာ သူ့ဘဝကို ကြီးမားတဲ့ အလှည့်အပြောင်း ဖြစ်စေခဲ့တယ်။

ခင်ဗျားပြောတာတွေ ကျွန်တော် သိပါတယ်၊ ကျွန်တော် အဲဒီလို အနုပညာရှင်တွေရဲ့ဘဝကို စိတ်ပျက်တယ်၊ ဒါဟာ အမှန်ပဲ။ ကျွန်တော်က အိမ်မှာချိတ်ထားပြီး သတိရတဲ့အခါ ကြည့်နေလို့ရမယ့် ဇနီးရဲ့ပုံတူကို လိုချင်တာပါ။ အနုပညာသမားတွေရဲ့ ဘဝတွေကို ကိုင်တွယ်ထိစမ်းကြည့်မှာ မဟုတ်ဘူး။ဒါဆို အကြံပေးပါရစေ၊ ခင်ဗျား ကိုယ်တိုင် ဇနီးရဲ့ပုံတူကို ရေးဖို့လေ။ ပန်းချီပညာကို လေ့လာပါ။ အချိန်ရှိပါတယ်။ ခင်ဗျားကိုယ်တိုင်မြင်တဲ့ ရုပ်ပုံကို တခြားဘယ်သူမှ မြင်နိုင်မှာ မဟုတ်ဘူး။ တစ်ခုတော့ ရှိတာပေါ့၊ မိန်းမတွေကို အရုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုးဆိုးသတ္တဝါပုံထွက်အောင်ရေးတဲ့ ပန်းချီဆရာ ဒီကူနင်းရဲ့ လက်ရာလိုတော့ မဖြစ်ဖို့ ကြိုးစားရမှာပေါ့။ ဒါဟာ မှန်ပါတယ်၊ မိန်းမတွေဟာ မိခင်စိတ်ကို ပိုင်ဆိုင်ကြသူတွေပဲ၊ သူတို့ကို ပြက်ရယ်ပြုတာဟာ မိုက်မဲရာကျတယ်လို့ ကျွန်တော် ထင်ပါတယ်။

ခင်ဗျား ပီကာဆိုရဲ့ အေဗီညွန်မှ မိန်းမများဆိုတဲ့ ပန်းချီကားတွေ့ဖူးလား၊မိန်းမတွေဟာ သတ္တုရည်နဲ့သွန်းထားသလို အရှိန်အဟုန်နဲ့တွေ့နေရတာ။ ကျွန်တော်လည်း အဲဒီလိုပဲ ထင်ပါတယ်။ ဒါပေမဲ့ ခက်နေတာက ပန်းချီဆရာရဲ့ စိတ်ကူးဉာဏ်ကွန့်မြူးပုံပဲ။ ကျွန်တော် ပါရမီနည်းတယ်၊ မရှိသလောက်ပဲ ဆိုကြပါစို့ဗျာ။ဒါပေမဲ့ ခင်ဗျားတိုက်တွန်းချက်ကို ကျွန်တော် နှစ်သက်တယ်။ ကျွန်တော့်ကို ပျော်ရွှင်စေတယ်။ တစ်ဖန် ပြန်လည်အသက်ဝင်လာသလိုပဲ။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ သဘာဝတရားကြီးထဲက ထွက်ပြေးလို့မရဘူး။ ငြိမ်ငြိမ်ကလေးထိုင်ပြီး တစ်ခုခုလုပ်ဖို့ ကြိုးစားရမှာပဲလေ။

မိုဒီဂလျာနီဟာ စံပြမယ်ပုံတွေ ရေးခဲ့တယ်၊ သူ့အဆက်တွေ သူ့ချစ်သဲကျော်တွေလည်း ပါမှာပေါ့။ အဲဒီပုံတွေကို ခင်ဗျား မြင်တွေ့ဖူးမယ်လို့ ထင်ပါတယ်။ ရမ္မက်နဲ့ အနုပညာကိုပေါင်းစပ်ပြီး သူ့ခံစားမှုနဲ့ ထိန်းချုပ်ပေးခဲ့တဲ့ လက်ရာတွေပါပဲ။ စံပြမယ်တွေဟာ စီရင်ချက်ချထားတဲ့ အလှနဲ့ လူ့ဘရဲ့ဖြစ်ထွေကို ဖော်ပြနေကြတယ်။ ခင်ဗျားဈေးပေါသော စံပြမယ်ဆိုတဲ့ မြန်မာဝတ္ထုတို ဖတ်ဖူးသလား၊ဝတ္ထုတိုက စာမျက်နှာ တစ်မျက်နှာပဲ ပါတယ်။ မအောင်မြင်တဲ့ ပန်းချီဆရာဟာ ဈေးပေါတဲ့ စံပြမယ်ကို ငှားရမ်းပြီး ပန်းချီရေးခဲ့တဲ့ အကြောင်းလေ။ ကျွန်တော်ထင်တာသာ မမှားဘူးဆိုရင် ပန်းချီဆရာဟာ ဗလာကျင်းတဲ့ သူ့ပုံကိုရေးဆွဲခဲ့တာ။ ငါမင်းကို ဝိုင်တစ်ခွက်တိုက်မယ်၊ ညစာကျွေး

mgyoe.com

mgyoe.com SAMPLE BOOK

မယ်၊ ငွေစကြေးစ နည်းနည်းပေးမယ်ဆိုတဲ့ ပန်းချီဆရာလေ။ ကျွန်မကို မီးဖိုတစ်ခု ဖိုပေးပါလားလို့ ဈေးပေါတဲ့စံပြမယ်က ဆိုတယ်၊ ပန်းချီဆရာက သူ့ကို ဒီလို တားမြစ်တယ်။ မင်း စကားမပြောဘဲ နေတဲ့၊ ငြိမ်ငြိမ်သက်သက်နေ၊ ငါ ဒီမှာ အလုပ်လုပ်နေတယ်တဲ့။ ရာသီဥတုက ဆောင်းတွင်းကြီး၊ အချိန်က တဖြည်းဖြည်း ညမိုးချုပ်လာပြီ။ ဒီလို အဖြစ်အပျက်တွေ ရှိတယ်ဆိုတာ ခင်ဗျား သိစေချင်တယ်ဗျာ၊ အခုဆိုရင် အဲဒီဈေးပေါတဲ့ စံပြမယ်ဟာ သေသလား ရှင်သလား ဘယ်သူမှ မသိကြတော့။ ဘယ်ရောက်နေမှန်းလည်း မပြောနိုင်ကြတော့ဘူးလေ။ နို့ပေတဲ့ ပန်းချီဆရာကတော့ အဲဒီဈေးပေါသော စံပြမယ်ပုံတူ ပန်းချီလက်ရာတွေနဲ့ ချမ်းသာသွားတယ်၊ ဒီလို အဖြစ်အပျက်တွေကို ဘယ်လို လက်ခံမလဲ၊ အနုပညာဟာ ကျွန်တော်တို့ကို မေးခွန်းထုတ်တယ်၊ ဒါပေမဲ့ ဘယ်လိုလုပ် အဖြေပေးနိုင်မလဲဗျာ။ ကျွန်တော်တို့ရဲ့ အရိုင်းစိတ်ကို လှုပ်နှိုးပြီးမှ ယဉ်ကျေးဖို့ တရားချနေသလိုလေ။ ဒါဟာ မသက်ဆိုင်တဲ့ ဥပမာလို့ ခင်ဗျားသဘောထားနိုင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်က ပန်းချီအနုပညာနဲ့ပတ်သက်လို့ နည်းနည်းပါးပါး တီးမိခေါက်မိရှိနေတယ်ဆိုတော့ ပိုဆိုးတယ်ဗျာ။ ဘယ်တတ်နိုင်ပါ့မလဲ၊ ဘုရားသခင်ရဲ့ အလိုတော်အရပဲလေ။

ဒါတွေဟာ ချဲ့ကားထားတဲ့ ကိုယ်ရည်ကိုယ်သွေးတွေပါဗျာ။ ခင်ဗျား ဘာကိုပြောတာလဲ၊ အနုပညာသမားတွေရဲ့ အဘိဓမ္မာတွေကို အရမ်းမယုံဖို့ လိုတယ်ဗျ၊ ဘာဆိုင်လို့လဲဗျာ သူတို့မှာ ပြင်းပြတဲ့ ခံစားမှုတွေရှိတယ်ဆိုတာကိုတော့ ယုံပါတယ်။ ဒါပေမဲ့ အမြဲတမ်း ဒီလိုနေလို့မှ မရဘဲ။ ခင်ဗျား ဒါဒါ ဝါဒကို လေ့လာဖူးသလား။ ကျွန်တော်ပြောချင်တဲ့ ချဲ့ကားထားသော ကိုယ်ရည်ကိုယ်သွေးဆိုတာ အဲဒါမျိုးတွေဗျ။

mgyoe.com